# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၀၅၇)


# တိုင်းရင်းသားညီနောင်များ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းနှင့်တံတားများ ကောင်းမွန်ရန်လို

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့ ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department (၁၃၁)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်**




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ (၁၃၁)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့ နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနPublic Works Department ၏ (၁၃၁)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးဆိုင်ရာဝန်ကြီးများ၊ အငြိမ်းစား အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Public Works Department ၏ (၁၃၁)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကျောက်စာတိုင်ကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မိမိတို့ရည်မှန်းချက်ပန်းတိုင်သည် NCA လက်မှတ်ရေးထိုးလိုက်သည်နှင့် ထာဝရငြိမ်းချမ်းရေးကို ဦးတည်ပြီး လျှောက်လှမ်းနေခြင်းဖြစ်

*ပြည်တွင်းသတင်း - စာ - ၇*

## ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းဆုချီးမြှင့်ပွဲကျင်းပ

*ပြည်တွင်းသတင်း - စာ - ၈*

## ဂျပန်နှင့် ရုရှား စီးပွားရေးကဏ္ဍ တိုးမြှင့်ရန် သဘောတူ

*နိုင်ငံတကာသတင်း - စာ - ၁၄*




မြန်မာ့အလင်း

## ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ပွဲတော် နွှဲပျော်စို့

မြန်မာလူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများအချင်းချင်း မျှဝေပေးနိုင်ရန်၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန် ဟူသော ရည်ရွယ်ချက်နှစ်ရပ်ဖြင့် “လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်”ကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက်၊ အောင်အောင်မြင်မြင် ကျင်းပသွားနိုင်ရေးအတွက် ဆိုင်ရာကဏ္ဍအသီးသီးတို့တွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြပြီ ဖြစ်သည်။ ထူးခြားချက်တစ်ခုမှာ “လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်” ကျင်းပမည့်ကာလသည် ရန်ကုန်တက္ကသိုလ်ရာပြည့် အကြိုကာလလည်းဖြစ်နေသည်။

၁၈၇၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်အဖြစ် စတင် သန္ဓေတည်ခဲ့ပြီး ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ်အဆင့်သို့ ရောက်ရှိခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ခေတ်သစ်မြန်မာ့ပညာရေးသမိုင်းတွင် သက်တမ်းအရင့်ဆုံးတက္ကသိုလ်ဖြစ်ပြီး မြန်မာ့သမိုင်းဝင် အထင်ကရနေရာတစ်ခုဖြစ်သည့်အပြင် နိုင်ငံ့ခေါင်းဆောင်များမွေးထုတ်ပေးခဲ့ရာ မိခင်ကျောင်းတော်ကြီးလည်းဖြစ်သည်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်ပရိဝုဏ်တွင်း ကျင်းပသွားမည်ဖြစ်ရာ တက္ကသိုလ်ရာပြည့်အကြိုလှုပ်ရှားမှုများလည်း ပါဝင်မည်ဖြစ်သည်။

တက္ကသိုလ်ရိပ်သာလမ်းဝင်ပေါက်မှ အဓိပတိလမ်းတစ်လျှောက် fan fare နှင့်စျေးဆိုင်ခန်းများ၊ ဘွဲ့နှင်းသဘင်ခန်းမကြီး၏ရှေ့တွင် ဖွင့်ပွဲအခမ်းအနားကျင်းပရာ စင်မြင့်ကြီး၊ ယင်းမှဝဲဘက်သို့ကွေ့လိုက်လျှင် ယာဉ်ရပ်နားကွင်းအတွင်း လူငယ်နှင့် မူးယစ်ဆေးပြခန်း၊ စီးပွားရေးတက္ကသိုလ်ဝင်းထဲ၌မူ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ၊ စီးပွားရေးတက္ကသိုလ်အဆောက်အအုံအတွင်းခန်းမများမှာ ဆွေးနွေးပွဲ၊ဟောပြောပွဲ၊ စကားရည်လုပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ၊ ရန်ကုန်တက္ကသိုလ်၏ အထိမ်းအမှတ်တစ်ခုဖြစ်သည့် သစ်ပုပ်ပင်ကြီးအနီး နေရာကျယ်ကျယ်တွင် စာအုပ်စျေးပွဲတော်၊ ဝိဇ္ဇာခန်းမနှင့် ခန်းမရှေ့မြက်ခင်းပြင်မှာ ယဉ်ကျေးမှုအနုပညာဖျော်ဖြေပွဲများ၊ အပန်းဖြေရိပ်သာ (RC)တွင်မူ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်များမှ လူငယ်များ၏ဖန်တီးမှုများ၊ science fair နှင့် အခြားပြကွင်းပြကွက်များ၊ ပဲခူးဆောင်နှင့် စစ်ကိုင်းဆောင်ရှေ့ရှိ ဘောလုံးကွင်းများနှင့် ယာဉ်ရပ်နားကွင်းများတွင် အားကစားလှုပ်ရှားမှုများစသည်ဖြင့်“လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်”ကျင်းပမည့်သုံးရက်တာကာလအတွင်း လူငယ်များ၏ နုပျိုသော အလှ၊ တက်ကြွသော အားမာန်တို့ဖြင့် စည်ကားသိုက်မြိုက်နေမည်ကို ကြိုတင်မြင်ယောင်မိသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က တာဝန်ယူညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေခြင်းဖြစ်ပြီး ပွဲတော်အစီအစဉ်များဖြစ်သည့် ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲတိုင်း၏ ဦးတည်ချက်များမှာ လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးရေးအတွက်ပင် ဖြစ်သည်။ လူငယ်များသည် နိုင်ငံအတွက် အနာဂတ်အင်အားများဖြစ်သည့်အလျောက် လူငယ်များ၏အရည်အသွေးမြှင့်တင်ပေးခြင်းသည် နိုင်ငံ့အနာဂတ်ကို အင်အားဖြည့် မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ အရည်အသွေးပြည့်ဝသည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များကသာ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်သွားနိုင်ကြမည်ဖြစ်သည့်အလျောက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်က လူငယ်တို့အတွက် အတွေးသစ်၊ အမြင်သစ်နှင့် ခွန်အားသစ်တို့ တိုးတက်ဖြစ်ထွန်းစေမည်ဟု ယုံကြည်မိပါကြောင်း။ ။

## မှူခင်းပညာပေးဆွေးနွေး

**သီပေါ နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ကိန်းချေ၊ ကိန်းစံကျေးရွာအုပ်စု နောက်ကပ်ကျေးရွာမူလတန်းကျောင်း၌ နိုဝင်ဘာ ၂၄ ရက်က မြို့နယ်အတွင်း မှုခင်းလျော့နည်းကျဆင်းရေး၊ ခိုးဆိုးလုယက်မှုများနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် မှုခင်းအသိပညာပေး ဟောပြောပွဲပြုလုပ်သည်။ ဟောပြောပွဲတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲမှူးမြင့်ကျော်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် ကျေးရွာအုပ်စုပြည်သူများက တားဆီးကာကွယ်ရေးဆောင်ရွက်ရန်၊ မှုခင်းအသိများ ရင့်ကျက်လာပါက မှုခင်းများ လျော့နည်းသွားမည်ဖြစ်သည့်အတွက် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် အသိပညာပေးဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၅**




လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပမည့် ရန်ကုန်တက္ကသိုလ်အဝင်မုခ်ဦး ပြင်ဆင်ထားမှုကိုတွေ့ရစဉ်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို မြန်မာလူငယ်များအသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ အချင်းချင်းမျှဝေပေးနိုင်ရန်နှင့် အနာဂတ်မြန်မာ့လူ့ဘောင် အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ကျင်းပနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ယင်းပွဲတော်တွင် စာပေဆိုင်ရာ လှုပ်ရှားမှုများအဖြစ် လူငယ်ဆိုင်ရာစကားရည်လုပွဲ၊ ဟောပြောပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ လူငယ်ဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲများအပြင် လူငယ်အနုပညာရှင်များနှင့် တွေ့ဆုံစကားပြောခြင်း၊ နည်းပညာဆိုင်ရာများ ပြသခြင်း၊ ရှားပါးစာအုပ်များခင်းကျင်းပြသခြင်း၊ ထင်ရှားသော စာရေးဆရာကြီးများ၏ ဓာတ်ပုံများခင်းကျင်းပြသခြင်း၊ စာအုပ်စျေးရောင်းပွဲတော်၊ ကဗျာရွတ်ဆိုခြင်း၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများအဖြစ် အဆိုအကဖျော်ဖြေမှုများ၊ မသန်စွမ်းသူများ၏ ဖျော်ဖြေမှုများ၊ တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုနှင့် ပန်းချီအနုပညာ၊ တူရိယာပစ္စည်းများပြသခြင်း၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများအဖြစ် အပန်းဖြေအားကစားနည်းများ၊ အားကစားပြိုင်ပွဲများနှင့် စုပေါင်းလမ်းလျှောက်ခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပမည့် ရန်ကုန်တက္ကသိုလ်အဓိပတိလမ်းတစ်လျှောက် ပြင်ဆင်ထားမှုကိုတွေ့ရစဉ်။

ထို့အပြင် တက္ကသိုလ်များအလိုက် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပြခန်းများ၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြခန်းများ ခင်းကျင်းပြသမှုများအပြင် လူငယ်အသင်းအဖွဲ့များ၏ စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်မည်ဖြစ်၍ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **ဇော်ကြီး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၅-၁၁-၂၀၁၇

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၆၅/၇၇၅ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ | ・၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ | ・၀ |
| ထိုင်း | တစ်ဘတ် | ၄၁ | ・၆၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၀၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ・၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၈ | ・၅၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❋ *ရှေ့ဖုံးမှ*

ယင်းနောက် အဆိုပါကျောက်စာတိုင်ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူစုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် Public Works Department၏ (၁၃၁) နှစ်မြောက် အခမ်းအနားကို ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ကျောက်ခေတ်၊ သံခေတ်နှင့် ကြေးခေတ်စသည်ဖြင့် ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲခဲ့ရာ လူသားများသည် အမိုးအကာအောက်တွင် လုံခြုံစွာနေထိုင်နိုင်ရန်နှင့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိရန် တဖြည်းဖြည်း ကြံ့ဆကြိုးစား တည်ဆောက်ခဲ့ကြပါကြောင်း၊ ထိုမှတစ်ဆင့် အင်ဂျင်နီယာ အတတ်ပညာများ ပေါ်ပေါက်ခဲ့ပါကြောင်း၊ အဆိုပါ အင်ဂျင်နီယာအတတ်ပညာကို အသုံးပြု၍ Public Works Department (P.W.D)အဖြစ် စတင်ထူထောင်ဆောင်ရွက်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ယခုဆိုလျှင် (၁၃၁) နှစ် ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း။

**ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာ**

နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍတိုင်းတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုစည်းညီညွတ်စွာ အေးအတူပူအမျှ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပါကြောင်း၊ တိုင်းရင်းသားညီနောင်များ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူတန်းစေ့ နေထိုင်နိုင်ရန် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများနှင့် တံတားများ ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချင်းချင်း အပြန်အလှန် ကူးသန်းဆက်ဆံမှု တိုးတက်များပြားလာသည်နှင့်အမျှ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာမည်ဖြစ်ကာ လူမှုစီးပွားဘဝများ တိုးတက်လာမည် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်နှင့် လုံခြုံစွာနေထိုင်နိုင်သည့် အဆောက်အအုံများ တည်ဆောက်ရေးတာဝန်အပြင် ကျေးလက်ဒေသလမ်း ကောင်းမွန်ရေးအတွက်ပါ ဆောက်လုပ်ရေးဝန်ကြီးဌာနက စဉ်ဆက်မပြတ် အင်တိုက်အားတိုက် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များနှင့် ညီညွတ်စေမည့် လမ်း၊ တံတား၊ နေအိမ်၊ တိုက်တာ အဆောက်အအုံများနှင့် မြို့ပြဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းတည်ဆောက်ရင်း ပြည်သူတို့၏ ဘဝအေးချမ်းသာယာနိုင်ရန် ပိုမိုဆောင်ရွက်ပေးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**အထိမ်းအမှတ် လက်ဆောင်ပေး**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Public Works Department ၏ (၁၃၁)နှစ်မြောက် အထိမ်းအမှတ် လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ Public Works Department (PWD)၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်မှုအခြေအနေများကို Video ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် Public Works Department ၏ (၁၃၁) နှစ်မြောက် အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ Heritage Bridge တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးခင်မောင်မြင့်နှင့် ဦးကျော်လွင်၊ ဒုတိယဝန်ကြီး (ငြိမ်း) ဦးမြင့်သိန်းနှင့် ဦးစိုးတင့်တို့က တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ကျောက်စာတိုင် ဖွင့်လှစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Heritage Bridge တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် Heritage Bridge တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ တံတားသည် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ခရစ်သက္ကရာဇ် ၁၈၉၁ ခုနှစ်က တည်ဆောက်ခဲ့သည့် Heritage Bridge စာရင်းဝင်တံတားကို စနစ်တကျဖြုတ်သိမ်း၍ ယခုဆောက်လုပ်ရေးဝန်ကြီးဌာန၌ အလျား ၂၄၆ပေ၊ အနံ ၁၄ ပေရှိ သံကူကွန်ကရစ်ကိုယ်ထည် RPT သံပေါင်အမျိုးအစားအဖြစ် တည်ဆောက်အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များ ဆောက်လုပ်ရေးဝန်ကြီးဌာန **Public Works Department** ၏ (၁၃၁)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့်အဖွဲ့ဝင်များ ဆောက်လုပ်ရေးဝန်ကြီးဌာန **Public Works Department** ၏ (၁၃၁)နှစ်မြောက် အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ **Heritage Bridge** တံတားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကွမ်ကျိုးမြို့ရှိ ကြည်းတပ်အထူးစစ်ဆင်ရေးသင်တန်းကျောင်းသို့ လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည်းတပ်အထူးစစ်ဆင်ရေးသင်တန်းကျောင်းသို့ သွားရောက်လေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ကြည်းတပ်အထူးစစ်ဆင်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး Brig. Gen. Xiao Qin Liang နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ သင်တန်းသားများ သင်တန်းတက်ရောက်နေမှုအခြေအနေနှင့် သင်တန်းပို့ချပေးနေမှုအခြေအနေကို Powerpoint ဖြင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ပိုင်းစစ်နယ်ဝန်းဌာနချုပ်သို့ရောက်ရှိကြရာ ဌာနချုပ်မှူး Vice Admiral Yuan Yubai နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြပြီး Sr. Col. Lei Neng က တောင်ပိုင်းစစ်နယ်ဝန်းနှင့် ဆက်စပ်လျက်ရှိသည့်အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှုအခြေအနေများ၊ တောင်ပိုင်းစစ်နယ်ဝန်း၏ လုပ်ငန်းတာဝန်များ၊ တပ်ဖြန့်ခွဲထားရှိမှုနှင့် ပြည်သူ့စစ်တပ်ဖွဲ့များဖွဲ့စည်းထားရှိမှု အခြေအနေများအား Powerpoint ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူးတို့သည် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတစ်လျှောက် ပူးတွဲဆောင်ရွက်ရေးကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးအားကစားအဖွဲ့များနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကွမ်ကျိုးမြို့ရှိ ကြည်းတပ်အထူးစစ်ဆင်ရေးသင်တန်းကျောင်းတွင် သင်တန်းသားများ လေ့ကျင့်နေမှုကို ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် ပထမအကြိမ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)သို့ ယမန်နေ့ နံနက်ပိုင်းတွင် လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)သို့ မွန်းလွဲပိုင်းတွင် လည်းကောင်း သွားရောက်၍ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများနှင့်၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက်ရောက်မည့် ပထမနှစ်ကျောင်းသားကျောင်းသူများကို တွေ့ဆုံမှာကြားသည်။

ထို့နောက် မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အားကစားကွင်း၌ ကျင်းပသော ၂၀၁၇ ခုနှစ် ပထမအကြိမ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို တက်ရောက်ကြည့်ရှု အားပေးသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(က)အသင်းနှင့်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်(က)အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်(က)အသင်းက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။



ဆုပေးပွဲတွင် ပွဲစဉ်တစ်လျှောက် နေရာလိုက် အကောင်းဆုံးကစားသမားဆုများ၊ စတုတ္ထ၊ တတိယနှင့် ဒုတိယဆုရရှိသောအသင်းများအား ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဆုချီးမြှင့်ပြီး တံခွန်စိုက်ရရှိသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်(က)အသင်းအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်သည်။(ဓာတ်ပုံ)

အဆိုပါ ဘောလုံးပြိုင်ပွဲကိုဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ကျောင်းများမှ တိုင်းရင်းသား လူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်မှု၊ လူငယ်အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားမှု၊ အသင်းအဖွဲ့စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှု၊ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်၊ ပျော်ရွှင်တက်ကြွ လန်းဆန်းသောစိတ်ဓာတ်များဖြစ်ပေါ်စေရေးနှင့် နိုင်ငံတော်၏ အားကစားမြှင့်တင်ခြင်းအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိစေရေးနှင့် နိုင်ငံတော်အဆင့် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊စစ်ကိုင်း)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၅ ကျောင်းတို့မှ ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် ဖွံ့ဖြိုးရေးတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို လိုအပ်သည်များ ကူညီပေးမည်

**ဘားအံ နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်း၏ ကဏ္ဍတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA ၊ ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ Kayin State Investment Fair-2017 ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲကို နိုဝင်ဘာ ၂၄ ရက်က ဘားအံမြို့သီရိဘားအံဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်တို့က ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ် ရင်းနှီးမြှုပ်နှံမှုအလား အလာများ၊ ဒေသထွက်ကုန်ပြခန်းများကို လိုက်လံကြည့်ရှု အားပေးသည်။ **(ယာပုံ)** ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်သည် ထိုင်း-မြန်မာကုန်သွယ်ရေးလမ်းကြောင်းနှင့် အာရှအဝေးပြေးလမ်းမကြီးပေါ်တွင်တည်ရှိပြီး ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးတွင် အလွန် အချက်အချာကျသည့်အတွက် ပြည်တွင်း၊ ပြည်ပ လုပ်ငန်း ရှင်များအနေဖြင့် Win-Win အကျိုးရှိစေမည့် လုပ်ငန်းများကို လုပ်ကိုင်နိုင်ကြမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ငြိမ်းချမ်းရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နေရာဒေသတော်တော်များများကို သွားလာနိုင်ပြီဖြစ်၍ မြေဧရိယာကျယ်ဝန်းသည့် သဘာဝအလှအပများ တည်ရှိသည့်၊ ကုန်သွယ် ရေးအချက်အချာကျသည့် ပြည်နယ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံ ကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ စသည်ဖြင့် မိမိတို့နှစ်သက်ရာ လုပ်ငန်းများကို အခွန်နှုန်းထားသက်သာစွာဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ကြမည်ဖြစ်က ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစောဟန်အေး၊ JICA Myanmar Office မှ Chief Representative Mr. Masayuki Kaeasawa ၊ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Jukr Boon-Long တို့က အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအခွင့် အလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ စသည့် ကဏ္ဍများအလိုက် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သက်ကြီးသတင်းစာပညာရှင်တစ်ဦးအား အလှူငွေနှင့် ပစ္စည်းများကို လက်ရောက်ကန်တော့စဉ်။ သတင်းစဉ်

❋ *ကျောဖုံးမှ*

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်းက ကန်တော့ခံ သက်ကြီးသတင်းစာပညာရှင် ၁၃၀ နှင့် တက်ရောက်လာသူများအား မိတ်ဆက်ပေးသည်။

**ရှိခိုးကန်တော့**

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ဦးအောင်သူမြိုင်က ကန်တော့ချိုးတိုင်ပေးကာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း နာယက၊ ဥက္ကဋ္ဌအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက သက်ကြီးသတင်းစာပညာရှင်များအား ညီညာဖြဖြ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း နာယက ဦးကိုကိုက လက်ခံသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လှူဒါန်းသည့် စုစုပေါင်း တန်ဖိုး ငွေကျပ် ၄၄၀၈၀၀၀ တန်ဖိုးရှိ ငွေသားနှင့် ဂါရဝလက်ဆောင်များကို တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က လက်ခံသည်။

ထို့နောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က လှူဒါန်းသည့် ငွေကျပ် ငါးသိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုဦးစီးကော်မတီဝင် ဦးဌေးဦးနှင့်ဇနီးတို့က လှူဒါန်းသည့် ငွေကျပ် ၁၃ သိန်းတို့ကို ကိုယ်စားလှယ်များက ပေးအပ်လှူဒါန်းကြသည်။

ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ လှူဒါန်းသော ငွေကျပ် ၂၂၂ သိန်းကျော်တန်ဖိုးရှိ စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် ကြည့်ရှုခွင့်များအား ဒေါ်နန်းမောက်လောဝ်ဆိုင်က လှူဒါန်းရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း တွဲဖက်အတွင်းရေးမှူး-၂ ဒေါ်လတ်လတ်စိုးနှင့် ဘဏ္ဍာရေးမှူး ဒေါ်အိအိတင်တို့က လက်ခံသည်။

**ကျေးဇူးတင်စကားပြော**

ဆက်လက်၍ ကန်တော့ခံ သက်ကြီးသတင်းစာပညာရှင်ကြီးများ ကိုယ်စား ဝါရင့်သက်ကြီး သတင်းစာပညာရှင် ဦးစိန်ထွန်းအောင်နှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အတွင်းရေးမှူး -၁ ဦးရဲမင်းဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ တာဝန်ရှိသူများက သက်ကြီးသတင်းစာပညာရှင်ကြီးများအား အလှူငွေနှင့် ပစ္စည်းများကို လက်ရောက်ကန်တော့ကြသည်။

**စတင်ဖွဲ့စည်းခဲ့**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ်တွင် ကျင်းပပြီး ပညာရှင် ၅၆ ဦးကို လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၁၅ ခုနှစ်တွင် ကျင်းပပြီး ပညာရှင် ၁၁၅ ဦးကို လည်းကောင်း၊ တတိယအကြိမ်ကို ၂၀၁၆ ခုနှစ်တွင် ကျင်းပပြီး ပညာရှင် ၁၁၈ ဦးကို လည်းကောင်း ပူဇော်ကန်တော့ခဲ့ပြီး ယခု စတုတ္ထအကြိမ်တွင် ပညာရှင် ၁၃၀ ကို ပူဇော်ကန်တော့ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**





# စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းသို့ လာရောက်စေချင်

**ရန်ကုန် နိုဝင်ဘာ ၂၅**

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့၊ ဗဟိုပုံနှိပ်စက်ရုံရှေ့၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်ရုံးခွဲ)ရှေ့နှင့် ဗဟိုပုံနှိပ်တိုက်၏ အနောက်ရထာလမ်းဘက်ခြမ်းတို့၌ ဖွင့်လှစ်ထားရာ နံနက်ပိုင်းမှစတင်၍ ရောင်းသူဝယ်သူ လှေလာသူများဖြင့် စည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

ရန်ကုန်စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူပရိသတ်များအတွက် ဘာသာရပ်မျိုးစုံ စာအုပ်များ၊ သုတ၊ရသအဟောင်းအသစ်၊ လုံးချင်းဝတ္ထုတို၊ ဝတ္ထုရှည်စာအုပ်များ၊ ကမ္ဘာ့ခေါင်းဆောင်များ၏ သမိုင်းဝင်စာအုပ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များ၊ ဆေးပညာဆိုင်ရာစာအုပ်များ၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ စသည်တို့အပြင် မြန်မာမှုလက်မှုပစ္စည်းများ၊ ပန်းချီကားများ၊ မြန်မာစာတန်းဖြင့် ရိုက်နှိပ်ထားသော စပို့ရှပ်အင်္ကျီများ၊ လွယ်အိတ်မျိုးစုံတို့ကို တစုတဝေးတည်း ခင်းကျင်းရောင်းချလျက်ရှိပြီး U-Book Educations မှ တာဝန်ရှိသူများကလည်း ကျောင်းသားကျောင်းသူ ကလေးငယ်များအား ပုံပြင်ဟောပြောခြင်းများ၊ ပန်းချီဆရာများက အမှတ်တရ ပုံတူရုပ်ပြောင်ရေးဆွဲပေးခြင်းတို့ကို လာရောက်ပြုလုပ်ကြသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ပူးပေါင်းကူညီမှုဖြင့် ဒုတိယအကြိမ်မြောက် Yangon Book Street စနေ-တနင်္ဂနွေနေ့ ရန်ကုန်စာအုပ်လမ်းကို စာအုပ်ဆိုင် အခန်းပေါင်း ၁၇၀ ခန့်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

**သတင်း- ကိုကိုဇော်၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# အာဆီယံ နှစ်(၅၀)ပြည့် အထိမ်းအမှတ် ချစ်ကြည်ရေး အားကစားပြိုင်ပွဲနှင့် မိတ်ဆုံစားပွဲ ရန်ကုန်မြို့တွင် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်မြို့ရှိ ဖိလစ်ပိုင်နိုင်ငံ သံရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံသံရုံးများမှ ပူးပေါင်းဆောင်ရွက်မှုဖြင့် အာဆီယံနှစ်(၅၀)ပြည့် အထိမ်းအမှတ် ချစ်ကြည်ရေးအားကစားပြိုင်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ရန်ကုန်မြို့ Asia Point Bowling Centre ၌ ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားအား အာဆီယံ အလံလွှင့်တင်၍ အာဆီယံသီချင်းဖြင့် ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ စုပေါင်း၍ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသည်။

ထို့နောက် အာဆီယံ နှစ်(၅၀)ပြည့် အထိမ်းအမှတ် ချစ်ကြည်ရေးအားကစားပြိုင်ပွဲများအဖြစ် ဘိုးလင်း၊ ဘိလိယက်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

အဆိုပါအထိမ်းအမှတ် အခမ်းအနားသို့ ရန်ကုန်မြို့အခြေစိုက် အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ သံရုံးမိသားစုဝင်များ၊ အခြားဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကော်တန်ယာလွန်နှင့် တွေ့ရမည်ဖြစ်သည်။ ကျန်ပွဲစဉ်များမှာ ၆၇ ကီလိုတန်းတွင် ထက်အောင်ဦး(မြန်မာ)နှင့် ဒိုင်ခီခနဲကို(ဂျပန်)၊ ၇၀ ကီလိုတန်းတွင် အောင်ပိုင်(မြန်မာ)နှင့် အိ(ဖ်)(ပြင်သစ်)၊ ၆၅ ကီလိုတန်းတွင် လမ်းမယူ(မြန်မာ)နှင့် သားသည်းတစ်ပွင့်(မြန်မာ)၊ ၇၂ ကီလိုတန်းတွင် စောမင်းအောင်(မြန်မာ)နှင့် ခိုဟီတိုခဲရှိ(ဂျပန်)၊ အမျိုးသမီးပွဲစဉ် ၅၀ ကီလိုတန်းတွင် ရွှေကိုလေး(မြန်မာ)နှင့် လင်းယုန်မေ(မြန်မာ)တို့ ပွဲစဉ်များဖြစ်ကြသည်။

အဆိုပါပွဲစဉ်များကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ရိုးရာလက်ဝှေ့ရုံ၌ ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ စိန်ခေါ်ပွဲဖြစ်၍ ငါးချီပြီးဆုံးပြီး အရှုံးအနိုင်မပေါ်ပါက သရေပွဲဖြစ်ကြောင်း၊ ရုံအခင်းအကျင်းမှအစ ခမ်းခမ်းနားနားဖြင့် entertainment အစီအစဉ်များ ထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ ယင်းအပြင် တစ်နိုင်ငံလုံးမှ ပရိသတ်များနှင့် ကမ္ဘာအနှံ့မှ ပရိသတ်များ တိုက်ရိုက်ကြည့်ရှုအားပေးနိုင်စေရန် ရုပ်သံနှင့် အွန်လိုင်းပေါ် တိုက်ရိုက် (Live) လွှင့်နိုင်ရန် ဆွေးနွေးနေကြောင်း မြန်မာမီဒီယာဂရု၏ စီအီးအို ကိုလင်းထက်အောင်က ပြောသည်။

**အေကေလင်း**

# ၂၀၁၇ ခုနှစ် တရုတ်-မြန်မာ မော်တော်ယာဉ်စင်မြင့် ယဉ်ကျေးမှုခရီးလမ်းပဒေသာ ဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

လျှန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး နောက်ဆက်တွဲ လုပ်ရှားမှုအဖြစ် တရုတ်-မြန်မာ ခရီးသွားလာမှုနှင့် ယဉ်ကျေးမှု လှည့်လည်ဖျော်ဖြေပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ယူနန်ပြည်နယ် ခရီးသွားလုပ်ငန်းဆိုင်ရာ မှတ်တမ်းရုပ်သံကို ပြသသည်။ ဆက်လက်၍ ယူနန်ပြည်နယ် ခရီးသွားဆိုင်ရာ အသင်းဥက္ကဋ္ဌ Yuan Bing နှင့် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ထိန်ချုံနှင့် ရွှေလီမြို့တို့၏ ခရီးသွားလုပ်ငန်းဆိုင်ရာ မှတ်တမ်းရုပ်သံတို့ကို ပြသကြပြီး တရုတ်ပြည်နယ်မှ တေးသီချင်း၊ တရုတ်ရိုးရာ ရုပ်ပြောင်းကပြဖျော်ဖြေမှုနှင့် မြန်မာနိုင်ငံမှ မြန်မာ့ဂုဏ်ရည် အနုပညာအဖွဲ့မှ ရွှေစကားဝါ မြေယိမ်းအက၊ သာယာလှပ မင်းသားယိမ်းအက၊ ပုဂံခေတ်အက၊ တူနှစ်သွယ်နှစ်ပါးသွားအက၊ ကရင်တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအက၊ ဦးရွှေရိုးနှင့်ဒေါ်မိုးအက၊ ပြည်ထောင်စုအင်အား (တိုင်းရင်းသားစုပေါင်း)အကတို့ဖြင့် ကပြဖျော်ဖြေကြသည်။ **(ယာပုံ)**



တရုတ်-မြန်မာ မော်တော်ယာဉ်စင်မြင့် ယဉ်ကျေးမှု ခရီးလမ်းပဒေသာဖျော်ဖြေပွဲကို မြန်မာနိုင်ငံရှိ နေပြည်တော်၊ ရန်ကုန်၊ ပုဂံနှင့် မန္တလေးမြို့များတွင် လှည့်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **"မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇) ခုနှစ်"** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ မြို့နယ်အသင်းနှင့် အသင်းခွဲများတွင် ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင်သုံးဦး၊ စုစုပေါင်း ခုနစ်ဦး ပါဝင်သော အမှုဆောင်အဖွဲ့ကို ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ကူညီ ပံ့ပိုး နိုင်မည့် ပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၁၄။ (က) မြို့နယ်အသင်း အသင်းသားများသည် မြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မိမိတို့အနက်မှ မြို့နယ်အသင်း အမှုဆောင်အဖွဲ့ဝင်များကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ် တင်မြှောက်ရမည်။

(ခ) မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အနက်မှ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ် တင်မြှောက်ရမည်။

၁၅။ (က) အသင်းခွဲ အသင်းသားများသည် အသင်းခွဲ နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မိမိတို့ အနက်မှ အသင်းခွဲအမှုဆောင် အဖွဲ့ဝင်များကို သတ်မှတ်ချက် များနှင့်အညီ ရွေးချယ် တင်မြှောက်ရမည်။

(ခ) အသင်းခွဲ အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အနက်မှ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ် တင်မြှောက်ရမည်။"

၃။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၂၉ တွင် ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးနှင့် ပြည်ထောင်စုနယ်မြေတို့တွင် ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦးနှင့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ငါးဦးပါဝင်သော တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေး လုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း၍ ယင်းအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတို့ရှိ ခရိုင်အသီးသီးတွင် ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦးနှင့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ငါးဦးပါဝင်သော ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကို ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း၍ ယင်းအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။"

၄။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၂၉- က ကို ပယ်ဖျက်ရမည်။



၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။



နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးအထွက်နှုန်း မှန်ကန်စေရေး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၄ ရက် က ရှောက်ကုန်းကျေးရွာ အုပ်စု ကွင်းအမှတ် (၁၄၁၂) တောင်သူ ဦးကြည်မောင်၏ မနောသုခစိုက်ခင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် တက်ရောက်ကြည့်ရှုအားပေးစဉ်။
ဓာတ်ပုံ-မောင်ကျော်ကြီး

## ရခိုင်ပြည်နယ် ပြည်သူများအတွက် ထာဝရကံကောင်းသော ကုမ္ပဏီမိသားစုမှ ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ်မှ ပြည်သူများအား လူသားချင်းစာနာမှုဆိုင်ရာ ကူညီမှုများ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့မှုများအဖြစ် အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းတွင် ပြုလုပ်ရာ အလှူရှင် ဦးပြည့်ဖြိုးလင်း- ဒေါ်လှိုင်ဝင်းသီရိ (ထာဝရကံကောင်းသော ကုမ္ပဏီ)မိသားစုက အလှူငွေများပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေး ဝန်ကြီး ဦးဇာနည်အောင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။




ရခိုင်ပြည်နယ်မှ ပြည်သူများအား မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူများ၊ အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့များက စာနာကူညီမှုများ၊ ငွေနှင့် စားသောက်ဖွယ်ရာများကို မိမိအစီအစဉ်ဖြင့် သော်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များ အစီအစဉ်ဖြင့်သော် လည်းကောင်း ဆက်သွယ်ထောက်ပံ့လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့်လည်း စေတနာရှင်များက အစိုးရအဖွဲ့မှ တစ်ဆင့် ဆက်သွယ်လှူဒါန်းမှုများကို သက်ဆိုင်ရာ ပြည်သူများ လက်ဝယ်သို့ ရောက်ရှိစေရန် စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## လွယ်ဂျယ်မြို့အဝင် ကွန်ကရစ်လမ်းမကြီး တိုးချဲ့ခင်းကျင်း

**လွယ်ဂျယ် နိုဝင်ဘာ ၂၅**

လွယ်ဂျယ်မြို့တွင် အဓိကအသုံးပြုနေသော မြစ်ကြီးနား-ဗန်းမော်မှလာသည့် လွယ်ဂျယ်မြို့အဝင် လမ်းမကြီးကို ခရီးသည်ယာဉ်ငယ်များနှင့် ကုန်တင်ယာဉ်ကြီးများ အထူးအားထား အသုံးပြုလျက်ရှိရာ အဆင့်မမီတော့သည့် ကျဉ်းမြောင်းသော ယင်းလမ်းမကြီးကို ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းမှ တိုးချဲ့ပြုပြင်ခင်းကျင်းခဲ့သည်။

မြို့အဝင် နယ်စပ်ကုန်သွယ်ရေးဂိတ်မှ မြန်မာ-တရုတ်နယ်စပ်ဂိတ် -၂ အထိ လမ်းအရှည် ၁ ဒသမ ၅ ကီလိုမီတာ၊ အကျယ် ၁၂ မီတာရှိသော ကွန်ကရစ်လမ်းမကြီးကို BOT စနစ်ဖြင့် ဟုန်ရှင်းကျန်းဘကုမ္ပဏီက စက်ယန္တရားကြီးများအသုံးပြုကာ တာဝန်ယူခင်းကျင်းလျက်ရှိသည်။ လွယ်ဂျယ်မြို့တွင် လမ်းသွယ်များ၊ လမ်းမကြီးများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်လာစေရန် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**



## ယဉ်ဆန်းကျေးရွာ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးအဖြစ်များနေ၍ ရွာလုံးကျွတ် ခြင်ဆေးဖျန်းပေးရန်လိုလား

**ညောင်ဦး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာတွင် ကလေးသူငယ် ၁၀ ယောက်ကျော် သွေးလွန်တုပ်ကွေးဖြစ်ပွားနေသည့်အတွက် ရွာလုံးကျွတ် ခြင်ဆေးဖျန်းပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

အဆိုပါ ယဉ်ဆန်းကျေးရွာတွင် သီတင်းကျွတ်လဆန်းပိုင်းမှ တန်ဆောင်မုန်းလအထိ ကလေးသူငယ် ခုနစ်ဦး သွေးလွန်တုပ်ကွေးရောဂါ စဖြစ်ခဲ့ပြီး ပခုက္ကူနှင့် ညောင်ဦးဆေးရုံများသို့ သွားရောက် ဆေးကုသမှုခံယူခဲ့ရာ သက်သာပျောက်ကင်းခဲ့သည်။ ယခု ရက်ပိုင်း နောက်ထပ် ငါးဦးခန့် ဆေးရုံတက်ပြီး ဆေးကုသမှုခံယူနေရပြီး ကလေး အနည်းငယ်ခန့်လည်း ဆေးခန်းသို့ ပြသကာ ဆေးကုသမှု ပြုလုပ်နေရကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ ၂၀၁၂ ခုနှစ်က တစ်ကြိမ် ကလေးတစ်ယောက်၊ နှစ်ယောက်လောက် သွေးလွန်တုပ်ကွေးစဖြစ်တာနဲ့ ရွာလုံးကျွတ် ခြင်ဆေးဖျန်းပေးတယ်၊ အခုလည်း ခြင်ဆေးဖျန်းရင် ရောဂါကူးစက်မှုတွေ လျော့ကျသွားနိုင်တယ်၊ စဖြစ်တာကတော့ စာသင်ကျောင်းအနီး ပတ်ဝန်းကျင်က ကလေးငယ်တွေ စဖြစ်တယ်၊ နောက် စာသင်ကျောင်း ဝန်ထမ်းအိမ်ရာ ဆောင်မှာနေတဲ့ ကျောင်းဆရာမ တစ်ဦးရဲ့ကလေး တစ်ယောက် ထပ်ဖြစ်ပါတယ်၊ အခု ရက်ပိုင်းမှာ ရွာအရှေ့ပိုင်းက ကလေးတွေပါ ဖြစ်လာတယ်၊ မနေ့ကထိ ၁၁ ယောက်ရှိပြီ၊ နောက်ထပ်ဖြစ်တာတော့ အတိအကျ မသိသေးဘူး" ဟု ရာအိမ်မှူး ဦးကျော်အောင်က ပြောသည်။

"ခြင်ဆေးဖျန်းတာ အကောင်းဆုံးပါ၊ အိမ်က ကလေးတွေလည်း ကျန်းမာရေး သိပ်မကောင်းဘူး၊ အရင်တစ်ခါလို တစ်ရွာလုံး တစ်အိမ်မကျန် ခြင်ဆေးဖျန်းပေးရင် သွေးလွန်တုပ်ကွေးရောဂါကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်၊ စာသင်ကျောင်းမှာလည်း ခြင်တွေ ပေါနေတယ်၊ စာသင်ကျောင်းက ကျောင်းသားကျောင်းသူတွေကို ရောဂါဝေပေးသလို ဖြစ်နေတယ်" ဟု ကျေးရွာနေ ဦးသိန်းတန်က ပြောသည်။ **ကျော်ဌေး**

# မိမိတို့ရည်မှန်းချက်ပန်းတိုင်သည် NCA လက်မှတ်ရေးထိုးလိုက်သည်နှင့် ထာဝရငြိမ်းချမ်းရေးကိုဦးတည်ပြီး လျှောက်လှမ်းနေခြင်းဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ပူးတွဲအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။



NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ပူးတွဲအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**ဆက်လက်ဆွေးနွေးရန် ကျန်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယနေ့အစည်းအဝေးသည် ရန်ကုန်မြို့တွင် အောက်တိုဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ပထမအကြိမ် အစည်းအဝေးအပြီး တစ်လအကြာတွင် ပြန်လည်ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမအကြိမ် အစည်းအဝေးတွင် အချက်အလက် အတော်များများကို မိမိတို့ ဆွေးနွေးသဘောတူညီမှုရခဲ့ပါကြောင်း၊ ထို့ပြင် UPDJC အစည်းအဝေးကိုလည်း ခေါ်ယူကျင်းပနိုင်ခဲ့သည့်အပြင် ယခုလ ၁၇ ရက်နေ့မှ စတင်ပြီး အလုပ်အဖွဲ့အစည်းအဝေးကို လေးရက်ကြာနှင့် အတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို တစ်ရက်ကြာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးများ၏ ကြိုးပမ်း အားထုတ်မှုများကြောင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အပါအဝင် လုပ်ငန်းလမ်းညွှန်ငါးခုကို ပြန်လည်သုံးသပ်၍ လိုအပ်ချက်များကို ဖြည့်စွက်ပြင်ဆင်နိုင်ခဲ့ပြီး ယမန်နေ့က ကျင်းပခဲ့သည့် UPDJC အစည်းအဝေး၌ အတော်များများကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ အချက်အလက် အချို့ကိုသာ ဆက်လက်ဆွေးနွေးရန် ကျန်ရှိပါကြောင်း။

ထို့အတူ အလုပ်အဖွဲ့မှ ရေးဆွဲခဲ့သည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း SOP ကို ယမန်နေ့က UPDJC အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မှ အချက်အချို့ကို အတွင်းရေးမှူးအဖွဲ့၏ တင်ပြချက်အရ JICM တွင် ဆွေးနွေးနိုင်ရန်အတွက် NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အစည်းအဝေးသို့ လွှဲပြောင်းပေးရန် UPDJC က အတည်ပြုခဲ့ပါကြောင်း၊ NCA စာချုပ်ပါအတိုင်း နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို ရက် ၆၀ အတွင်း ရေးဆွဲခဲ့ရသည့်အတွက် လက်တွေ့အကောင်အထည်ဖော်သည့် နေရာတွင် အခက်အခဲအချို့ကို တွေ့ရှိခဲ့ရပါကြောင်း၊ ယခုအခါ အတည်ပြုရန် အချက်အချို့မှလွဲ၍ ကျန်သည့်အချက်များကို ပြင်ဆင်နိုင်ခဲ့သည့်အပြင် လုပ်ငန်းလမ်းညွှန်နှင့် SOP များ ရေးဆွဲနိုင်သည့်အတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုချောမွေ့အောင် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယခုအစည်းအဝေးသည် NCA နှစ်နှစ်ပြည့်ပြီး နောက်ပိုင်း NCA အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည့် ဒုတိယအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမအကြိမ်အစည်းအဝေးတွင် မိမိတို့အနေဖြင့် စုစုပေါင်းအချက် ၂၁ ချက်အပေါ် မူတည်ပြီး ဆွေးနွေးခဲ့ကြပါကြောင်း၊ NCA သဘောတူစာချုပ်အပေါ် မူတည်၍ မိမိတို့ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုလွဲခြင်း၊ တည်ဆဲဥပဒေများအပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် သဘောပေါက် နားလည်မှုလွဲခြင်းတို့အပေါ် ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ အဓိကအားဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သည် NCA လက်မှတ်ရေးထိုးလိုက်သည်နှင့် ထာဝရငြိမ်းချမ်းရေးကို ဦးတည်ပြီး လျှောက်လှမ်းနေကြခြင်းဖြစ်ပါကြောင်း။

အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ငြိမ်းချမ်း လိုသည့်စိတ်ဓာတ်ဖြင့် NCA ကို လက်မှတ်ရေးထိုးကြခြင်း ဖြစ်ပါကြောင်း၊ NCA စာချုပ်ကို အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ခက်ခက်ခဲခဲနှင့် လက်မှတ်ရေးထိုးရယူခဲ့ခြင်း ဖြစ်ပါကြောင်း၊ NCA ရေးထိုးရာတွင် တစ်ဖက်နှင့်တစ်ဖက် စကားလုံးအသုံးအနှုန်း၊ စကားလုံးအယူအဆအပေါ် မူတည်ပြီး အကောင်အထည်ဖော်သည့်နေရာတွင် တစ်ဖက်နှင့်တစ်ဖက် စိတ်ရှင်းရှင်းထားရန် လိုအပ်ပါကြောင်း၊ ယင်းအပေါ်မူတည်ပြီး ညှိနှိုင်းဆွေးနွေးရသည့်အတွက် မိမိတို့ ပွင့်ပွင့်လင်းလင်းနှင့် ပြောဆိုပြီး တစ်ဖက်၏ လိုအင်ဆန္ဒနှင့် တစ်ဖက်၏ လိုလားချက်ကို ဆွေးနွေးညှိနှိုင်းသွားရမည် ဖြစ်ပါကြောင်း၊ ယခုလို ညှိနှိုင်းဆွေးနွေးသည့်အခါတွင်လည်း ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ ဥပဒေသများအပေါ် မူတည်ပြီး မိမိတို့ ညှိနှိုင်းဆောင်ရွက်သွားရမည့် ဖြစ်ပါကြောင်း။

သို့ရာတွင် လက်ရှိအနေအထား၌ တချို့အချက်များသည် အချိန်ယူညှိနှိုင်းပြီး ဆောင်ရွက်ရမည့်ကိစ္စများ ရှိနိုင်သည့်အတွက် မိမိတို့ ခွင်းချက်အနေဖြင့် နားလည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ရာတွင် အဓိကအချက်မှာ ဆန္ဒမစောရန် လိုအပ်ပါကြောင်း၊ ဆန္ဒစော၍ အကောင်အထည်ဖော်လိုက်ပါက တစ်ဖက်နှင့် တစ်ဖက် သဘောထား မတိုက်ဆိုင်သည့် အချက်များ ရှိသည့်အတွက် ပိုမိုကြန့်ကြာသွားနိုင်ပါကြောင်း၊ ထို့ကြောင့် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**လျင်လျင်မြန်မြန် ဆွေးနွေးသွားနိုင်မည်**

NCA - S - EAO မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲက NCA အကောင်အထည်ဖော်မှုဆိုင်ရာ အလုပ်အဖွဲ့အနေဖြင့် တာဝန်အများကြီးရှိသည်ဟု မိမိတို့ ယူဆပါကြောင်း၊ NCA အကောင်အထည်ဖော်ရာ၌ ပြန်လည်သုံးသပ်ရမည့် အပိုင်းသုံးပိုင်းကို EAO ဘက်က အဆိုပြုခဲ့ပါကြောင်း၊ တစ်ခုမှာ အယူ အဆရေးရာ (Concept) အပိုင်း၊ နောက်နှစ်ခုမှာ သွားနေသည့် (Process)အပိုင်းနှင့် လက်တွေ့အကောင်အထည်ဖော်မှု (Implementation) အပိုင်းတို့ကို တင်ပြခဲ့ပါကြောင်း၊ ထိုသို့ တင်ပြရာတွင်လည်း မိမိတို့အနေဖြင့် ဆွေးနွေးမှုပုံစံ မတူညီသည်ကို နှစ်ဖက်စလုံးမှ လက်ခံပြီး ကော်လံနှစ်ခုခွဲ၍ ယူဆောင်သွားခဲ့ပါကြောင်း၊ ထိုသို့ အလုပ်များ ခွဲခြားလုပ်ကိုင်နိုင်သည့်အတွက် ယနေ့ကျင်းပသည့် အစည်းအဝေးတွင် လျင်လျင်မြန်မြန် ဆွေးနွေးသွားနိုင်မည်ဟု မိမိ ယုံကြည်ပါကြောင်း။

အယူအဆ ရေးရာအပိုင်းတွင် ဖြစ်ဖြစ်၊ Process အပိုင်းတွင် ဖြစ်ဖြစ်၊ Implementation အပိုင်းတွင်ဖြစ်ဖြစ် အရေးကြီးသည်မှာ မိမိတို့၏ ဆုံမှတ်ကို ရှာနိုင်ရန်ဖြစ်သည်ဟု EAO ဘက်က ယူဆပြီး အတတ်နိုင်ဆုံး နှစ်ဖက်ဆုံနိုင်သည့် ဆုံမှတ်နှင့် အားလုံးလိုက်ပြီး အလုပ်လုပ်နိုင်သည့် ဆုံမှတ်ကို ယနေ့ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ နားလည်ထားသည်မှာ အချို့အလုပ်များသည် အချိန်တိုအတွင်း လုပ်ရမည့် အလုပ်များရှိ သကဲ့သို့ အချို့အလုပ်များသည် အချိန်ယူပြီး နှစ်ဖက်ပုံစံရှာ ဖြေရှင်းရမည့် ကိစ္စရပ်များရှိသည်ဟု ယူဆပါကြောင်း။

ယနေ့အစည်းအဝေးတွင် EAO လက်မှတ်ထိုးထားသည့် အဖွဲ့များ၊ အစိုးရနှင့် တပ်မတော်ဘက်မှ တာဝန်ရှိသူများ အပါအဝင် ကျန်ရှိနေသေးသည့် NCA လက်မှတ်မထိုးထားသော အဖွဲ့အစည်းများအတွက်ပါ မိမိတို့အားလုံးက ဆုံမှတ်တစ်ခု ရှာဖွေနိုင်မည့်အပြင် မကြာခင်ကျင်းပမည့် JICM အစည်းအဝေးအတွက် အကောင်းဆုံးပြင်ဆင်ပေးနိုင်၍ တိုင်းပြည်အတွက် အကျိုးရှိသည့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မည်ဟု မြင်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကျင်းပမည့် အစီအစဉ်များကို အတည်ပြုခြင်းနှင့် NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာများ ဆွေးနွေးခြင်း တို့ကို ဆောင်ရွက်ကြသည်။

**ဆွေးနွေးပွဲရလဒ်များ**

ယင်းနောက် NCA - S - EAO မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က ဆွေးနွေးပွဲရလဒ်များအပေါ် သုံးသပ်ပြောကြားကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ပူးတွဲအစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်ဘက်မှ ကိုယ်စားလှယ် ကိုးဦး၊ NCA - S - EAO ဘက်မှ ကိုယ်စားလှယ် ၁၂ ဦးတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ် ကာကွယ်ရေး၊ ပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား)သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်သင်တန်းကျောင်းတွင် မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ် ကာကွယ်ရေး၊ ပစ္စည်းများကိုင်တွယ် အသုံးပြုနည်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၂/၂၀၁၇) ဆင်းပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်ထံ ပေးအပ်ခဲ့သည်။ ယင်းသင်တန်းကို နိုဝင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ သင်တန်းသားရဲအရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၃၀ တို့အား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။




ယင်းနောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်သည် နံနက် ၁၀ နာရီခွဲတွင် တောင်ပိုင်းခရိုင် သန်လျင်မြို့မရဲစခန်းသို့ ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးထားသော CCTV ကင်မရာများကို ကြည့်ရှုစစ်ဆေးပြီး CCTV ကင်မရာများ ရုပ်ထွက်မှု ကောင်းမွန်စေရေး ဆောင်ရွက်ထားရန်၊ ရဲစခန်းလုံခြုံရေး၊ အချုပ်တရားခံ ထွက်ပြေးလွတ်မြောက်မှု မရှိစေရေး၊ အထူးဂရုပြု ဆောင်ရွက်ရန်နှင့် ပြည်သူများမှအကူအညီတောင်းခံလာသည့်အခါ ယဉ်ကျေးပျူငှာစွာဆက်ဆံ၍ ဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး၊ အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

**(မိုး/၈လ)**

# မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေရေး စတုတ္ထအကြိမ် အစည်းအဝေးနှင့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး လုပ်ငန်းညှိနှိုင်း



**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မကြာခင်ထုတ်ဝေမည့် မြန်မာစာအုပ်စာစဉ် ၁၀၀ အတွက် စာကောင်းပေမွန် လေ့လာလိုသူများ ဖတ်ရှုနိုင်ရန် အဓိကရွေးချယ်သွားမည့် စာပေအမျိုးအစားများနှင့် ကနဦးထွက်ရှိမည့် စာစဉ်တွင် စိတ်ဝင်စားဖွယ် စာကောင်း ပေကောင်းများ ပါဝင်ရေး၊ သုတ၊ ရသကဏ္ဍစုံ ပါဝင်ရေး၊ လက်ရှိ ရွေးချယ်ထားသည့် ဝတ္ထုရှည် ၈၁ အုပ်ကို အုပ်စုအလိုက် ကော်မတီအဖွဲ့ ဖွဲ့ကာ ပြန်လည်စိစစ်ရွေးချယ်မှုအခြေအနေများအတွက် အကြံပြုချက်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။ **(ယာပုံ)**

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ စည်သူ ဒေါက်တာ ဦးသော်ကောင်းက မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေရာတွင် လိုအပ်သည့် အကြောင်းအရာ အချက်အလက်များကို အကြံပြုပြောကြားပြီး မြန်မာစာအုပ်စာစဉ် ၁၀၀ ထုတ်ဝေနိုင်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး - ၁ ဦးသန်းအုန်း (မောင်ဇေယျာ)က ဝတ္ထုရှည် ရွေးချယ်ရာတွင် နောက်ဆုံးအဆင့် ဆန်ခါတင်ကော်မတီဖွဲ့စည်းနိုင်ရေး၊ အဆိုပါအဆင့် ပြီးစီးပါက ကဗျာကဏ္ဍ ရွေးချယ်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းတွင် မြန်မာစာအုပ်စာစဉ် ၁၀၀ စတင် ထွက်ရှိနိုင်ရေးနှင့် ရည်ရွယ်ချက်များ၊ လုပ်ဆောင်မှုအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က စာစဉ်တွင် ဖော်ပြမည့် စာလုံးဒီဇိုင်းနှင့် အရွယ်အစား၊ ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး အခြေအနေများနှင့် စပ်လျဉ်း၍ စာပေဗိမာန်မှ တာဝန်ရှိသူများက ပြင်ပ ပညာရှင်များ၏ လမ်းညွှန်ချက်၊ ဆွေးနွေးချက်များ၊ လက်တွေ့ဆောင်ရွက်နေမှုအခြေအနေများအပေါ် မြန်မာ့စွယ်စုံကျမ်း စာတည်းအဖွဲ့ အတွင်းရေးမှူး - ၂ ဦးစောလွင် (မောင်သွေးသစ်)က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် အစည်းအဝေး မကျင်းပမီ မွန်းတည့် ၁၂ နာရီတွင် ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြိုတင်ပြင်ဆင်မှု**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း သွားရောက်ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများ၊ ပွဲတော်တွင် ပါဝင်မည့် စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ တီထွင်ဆန်းသစ်မှုဆိုင်ရာ ပြခန်းများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ ဖျော်ဖြေပွဲများ၊ အားကစားလှုပ်ရှားမှုများ၊ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်းများ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးဖြစ်မြောက်ရေးအတွက် သမိုင်းအထောက်အထား လွဲမှားမှု မရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက နိုဝင်ဘာ ၂၄ရက်စွဲဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အတွင်းရေးမှူးအဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ၊ တွဲဖက်အတွင်းရေးမှူး - ၁ အဖြစ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်၊ တွဲဖက်အတွင်းရေးမှူး - ၂ အဖြစ် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ(ငြိမ်း) ဦးလူမင်းတို့က ဆောင်ရွက်ကြမည် ဖြစ်သည်။

အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် စန်းဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်၊ မြန်မာ့သမိုင်းအဖွဲ့ အဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးသိန်းလှိုင်၊ မြန်မာ့သမိုင်းအဖွဲ့ အဖွဲ့ဝင် ညွှန်ကြားရေးမှူး(ငြိမ်း) ဦးမြဟန်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဦးသူရ(ခ)ဦးဇာဂနာနှင့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ ဒါရိုက်တာ ဦးမင်းထင်ကိုကိုကြီးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။

ထိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးဖြစ်မြောက်ရေးအတွက် သမိုင်းအထောက်အထား လွဲမှားမှု မရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊ ပါဝင်မည့် သရုပ်ဆောင်များအား ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ကိုက်ညီမှုရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊ ရရှိသော ရန်ပုံငွေဖြင့် ကိုက်ညီသည့် အရည်အသွေးမီ ရုပ်ရှင်ဇာတ်ကားကောင်း ဖြစ်ပေါ်လာစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီး အဆင်ပြေရိုက်ကူးပြီးမြောက်စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးရန်၊ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီး အမြန်ဆုံးပြီးမြောက်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီး ပြီးမြောက်စေရေးအတွက် လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး မှော်ဘီမြို့နယ် တရားရုံးအား စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးအောင်နိုင်သည် တရားသူကြီးချုပ်ရုံး ရုံးအဖွဲ့မှူးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင် တရားသူကြီး ဒေါ်ရှုပါဝင်းတို့နှင့်အတူ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက မှော်ဘီမြို့နယ် တရားရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး၊ မှုခင်းလက်ကျန်များ လျှော့နည်းကျဆင်းရေး၊ လာဘ်ပေး လာဘ်ယူ ကင်းရှင်းရေး၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား မှာကြားခဲ့သည်။

ဆက်လက်၍ တရားလွှတ်တော်တရားသူကြီး ဦးအောင်နိုင်သည် မှော်ဘီမြို့မ ရဲအချုပ်စခန်းသို့ သွားရောက်၍ အချုပ်သား၊ အချုပ်သူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာသတင်းပညာသိပ္ပံ(MJI)နှင့် Myanmar Climate Change Alliance (MCCA)တို့ ပူးပေါင်းကျင်းပသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် MCCA နည်းပညာဆိုင်ရာ အကြံပေးအရာရှိ Mr. Pasquale Capizzi က "ဒီစီမံကိန်းက ရာသီဥတုပြောင်းလဲမှုနဲ့ဆက်စပ်တဲ့ ပတ်သက်မှုတွေ အများကြီးဖြစ်တဲ့အတွက် ဒီနေ့ခေတ်မှာ ရာသီဥတုပြောင်းလဲမှုက ဘယ်လိုမျိုးလဲ၊ ကမ္ဘာ့နိုင်ငံတွေပေါင်းပြီး ဘာတွေလုပ်ကြမလဲ၊ မြန်မာပြည်သူတွေ သိအောင် ဘာလုပ်ပေးနိုင်မလဲ၊ ဒီသတင်းတွေ ရရှိဖို့အတွက် သတင်းအရင်းအမြစ်ရှားပါးမှုတွေ ကြုံတွေ့ရတယ်၊ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူတွေ ရှားပါးတယ်၊ ရလာတဲ့ သတင်းအချက်အလက်တွေကို မှန် မမှန် ပြန်စိစစ်ဖို့ ခဲယဉ်းတယ်၊ ဒီလိုမျိုးတွေ မဖြစ်အောင် ဒီလိုသင်တန်းတွေ ပေးတာပါ၊ ဒီသင်တန်းက MJI ရဲ့ပထမဆုံး ခြေလှမ်းဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းသာကျေနပ်ပါတယ်၊ MJI က ဒီသင်တန်းတွေ လုပ်ပေးတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါတယ်" ဟု ပြောသည်။

ထို့နောက် MJI နှင့် MCCA မှ တာဝန်ရှိသူများက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းပေးပို့မှု သင်တန်းနှင့် ဆုရွေးချယ်ရခြင်း အကြောင်းရင်းများကို ရှင်းလင်းတင်ပြကြပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

မြန်မာသတင်းပညာသိပ္ပံသင်တန်း ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက "ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းပေးပို့မှု စီမံကိန်းနဲ့ပတ်သက်ပြီး သင်တန်းပြီးမြောက်တာရယ်၊ ရာသီဥတုပြောင်းလဲခြင်းနဲ့ ပတ်သက်ပြီး သတင်းဆုချီးမြှင့်ပွဲရယ် ဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ ခြောက်လကတည်းက ဒီစီမံကိန်းကို လုပ်လာခဲ့တာ၊ မြန်မာနိုင်ငံမှာ ရာသီဥတုပြောင်းလဲခြင်းနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ ပြည်သူလူထု သိရှိစေနိုင်ဖို့ သတင်းထုတ်ပြန်မှု အားနည်းနေသေးတယ်၊ သတင်းအရေအတွက်လည်း နည်းနေသေးတယ်၊ ဒါတွေကို များများဖြစ်စေချင်တယ်၊ ပြည်သူလူထုကို များများသိစေချင်တယ်၊ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ရင်ဆိုင်ရမှုက ကမ္ဘာမှာ ဒုတိယမြောက်ဖြစ်တယ်၊ ဒါနဲ့ ပတ်သက်ပြီး မီဒီယာက သတင်းပေးနိုင်ဖို့လိုသလို တစ်ဖက်မှာလည်း ဂျာနယ်လစ်တွေက ဒါကို နားလည်ဖို့လိုတယ်၊ ပြည်သူလူထုကို ရှင်းအောင်ပြောနိုင်တာ မီဒီယာပဲ ရှိတယ်၊ ဒီဘာသာရပ်ကို ကျွမ်းကျင်သူနဲ့ ပြည်သူလူထုကြားမှာ မီဒီယာက ပေါင်းကူးပေးတာ၊ မီဒီယာက လူအများ နားလည်အောင်ရှင်းနိုင်တဲ့ စကားလုံးတွေနဲ့ ပြောတတ်တယ်၊ ဒီစီမံကိန်းအပေါ်မှာ သင်တန်းတွေပေးတယ်၊ ဒီသင်တန်းလုပ်ဖို့ သင်တန်းသားနည်းနည်းပဲ ခေါ်တယ်၊ အရည်အသွေးကောင်းအောင်လို့ပါ၊ နောက်ဆုံးမှာ သတင်းထုတ်လုပ်မှု လက်တွေ့လုပ်တယ်၊ ဧရာဝတီတိုင်းဘက်ကို သွားတယ်၊ သင်တန်းပြီးတဲ့အချိန် အများပြည်သူသိအောင် ဆုပေးပွဲလုပ်ပေးတယ်"ဟု ပြောသည်။




မြန်မာသတင်းပညာသိပ္ပံသင်တန်း ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

ဆက်လက်၍ "ဒီသတင်းဆုပြိုင်ပွဲမှာ အပုဒ် ၃၀ ဝင်ပြိုင်ကြတယ်၊ နောင်နှစ်ဆို ဒီထက် အရည်အသွေးပိုကောင်းပြီး အရေအတွက်ပိုများတဲ့ သတင်းတွေ ထွက်ပေါ်လာနိုင်တယ်၊ မြန်မာပြည်မှာ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်ပြီး သတင်းရယူပေးပို့မှု နည်းတယ်၊ ဒီလို သတင်းမျိုး ရယူဖို့အတွက် MJI က ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်ပြီး Documentary - ရေဒီယိုလို၊ ရုပ်မြင်သံကြားလိုမျိုးပေါ့၊ အဲဒီအတွက် အထောက်အပံ့ ထုတ်ပေးဖို့ရှိတယ်၊ အဲဒါမျိုးတွေ လုပ်ပေးနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ဆိုသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းဆုကို "ရာသီဥတုပြောင်းလဲမှုက ပေးသည့်ရောဂါများ" ခေါင်းစဉ်ဖြင့် In-depth news (ထဲထဲဝင်ဝင် သတင်းဆု) ရရှိသည့် မော်ကွန်းမဂ္ဂဇင်းမှ သတင်းထောက် ကိုအောင်ဖေကြည်စိုး၊ "အပူချိန် မြင့်မားမှုကြောင့် လပွတ္တာဘက်တွင် မိုးရေလှောင်ကန်များ ၂ ပေခန့် ထပ်တိုး" ခေါင်းစဉ်ဖြင့် Hard news သတင်းဆုရရှိသူ Agriculture & Market Information Agency မှ ကိုမျိုးမင်းပိုင်နှင့် "ရာသီဥတုပြောင်းလဲမှုကို သက်သာအောင် လုပ်ဆောင်နိုင်မယ့် အကြောင်းရင်းများ" ခေါင်းစဉ်ဖြင့် ရေဒီယို သတင်းဆုရရှိသူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုမှ မစုသက်မှူးတို့က အသီးသီးဆုရရှိကြပြီး ဆုတစ်ဆုလျှင် အမေရိကန် ဒေါ်လာ ၄၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆုရရှိမှုနှင့်ပတ်သက်၍ "ရာသီဥတုပြောင်းလဲမှုက ပေးသည့်ရောဂါများ" ခေါင်းစဉ်ဖြင့် In-depth news (ထဲထဲဝင်ဝင်သတင်းဆု)ရရှိသည့် မော်ကွန်းမဂ္ဂဇင်းမှ သတင်းထောက် ကိုအောင်ဖေကြည်စိုးက "ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်တဲ့ ရောဂါအကြောင်းကို ရေးတာပါ၊ ချင်းပြည်နယ် အေးတဲ့ဒေသမှာ အပူချိန်တိုးလာတဲ့အတွက် ဖြစ်ပေါ်လာတဲ့ ငှက်ဖျားရောဂါနဲ့ပတ်သက်ပြီး ဆရာဝန်ကြီးတွေ၊ တာဝန်ရှိသူတွေကို အင်တာဗျူးတယ်၊ ပြုစုထားတဲ့စာအုပ်တွေကို ဖတ်တယ်၊ ရာသီဥတုနဲ့ပတ်သက်တဲ့ ကျွမ်းကျင်သူတွေ၊ ပညာရှင်တွေကို မေးတယ်။ အဲဒီဒေသမှာ ဖြစ်ပျက်နေတဲ့ ငှက်ဖျားရောဂါဖြစ်စေတဲ့ ခြင်အကြောင်းကို ကွင်းဆင်းလေ့လာ အချက်အလက်ရယူပြီး ထဲထဲဝင်ဝင် ရေးသားခဲ့တယ်၊ အဲဒီအတွက် ဆုရတာပါ"ဟု ပြောသည်။

"အပူချိန်မြင့်မားမှုကြောင့် လပွတ္တာဘက်တွင် မိုးရေလှောင်ကန်များ ၂ ပေခန့် ထပ်တိုး" ခေါင်းစဉ်ဖြင့် Hard news သတင်းဆုရရှိသူ Agriculture & Market Information Agency မှ ကိုမျိုးမင်းပိုင်က " MJI က ရာသီဥတုပြောင်း လဲခြင်းနဲ့ ပတ်သက်တဲ့ သင်တန်းပေးတယ်၊ ဒီသင်တန်းပြီးတော့ ဧရာဝတီဘက်ကို ကွင်းဆင်းလေ့လာတယ်၊ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဖြစ်စဉ်တွေနဲ့ အသိပညာတွေရတယ်၊ သတင်းတွေ ရေးတယ်၊ ဧရာဝတီတိုင်းမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ဒေသခံတွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို သတင်းအဖြစ် ရေးသားတင်ပြခဲ့တာပါ၊ အဲဒီသတင်းနဲ့ ဆုရတာပါ"ဟု ပြော သည်။

အဆိုပါ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းပေးပို့မှု စီမံကိန်းသင်တန်းကို ရန်ကုန်၊ မန္တလေးနှင့် ထားဝယ်တို့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း MJI မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ရီရီမြင့်**

# အောက်စဖို့ဒ်ဆရာတော် မွေးနေ့အထိမ်းအမှတ် ပိဋကတ်စာပေသင်ကြားရေး ရှေးရိုးရာနှင့် ခေတ်အလိုက်လေ့လာနည်း အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ကမ္ဘာ့သာသနာပြု အောက်စဖို့ဒ်ဆရာတော် ပါမောက္ခဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိ (DPhil , Oxford) ၏ သက်တော် ၅၃ နှစ်ပြည့် မွေးနေ့အလှူအထိမ်းအမှတ် ပိဋကတ်စာပေ သင်ကြားရေးတွင် ရှေးရိုးရာနှင့် ခေတ်အလိုက် လေ့လာနည်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဟိုတယ်မက်စ်တွင် ယနေ့ နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာတမ်းဖတ်ပွဲသို့ ပြည်တွင်း ပြည်ပမှ ဆရာတော် သံဃာတော်များ၊ နာယကဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပညာရှင်များ တက်ရောက်ခဲ့ကြသည်။ သိမ်တော်ကြီးဆရာတော်ဘဒ္ဒန္တကုမာရ [ ပါမောက္ခချုပ်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)] က ဦးဆောင်ကာ ရတနာမြတ်သုံးပါးတို့အား ဆီမီးထွန်းညှိပူဇော်ခဲ့ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိက စာတမ်းဖတ်ပွဲဆိုင်ရာ မိတ်ဆက်စကားကို ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကြွရောက်လာကြသည့် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ဒုတိယသမ္မတ(ငြိမ်း) ဒေါက်တာ စိုင်းမောက်ခမ်း၊ ရာဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဓမ္မမိတ်ဆွေတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ အလှူရှင်များအား ပြည်ထောင်စုဝန်ကြီးနှင့် အောက်စဖို့ဒ်ဆရာတော်တို့က ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် ကြွရောက်လာသော သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ဆိုကြကာ အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိက ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေပြီး ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံတို့မှ သုတေသီရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်တို့က စာတမ်းဖတ်ပွဲအခမ်းအနားကို စတင်ကြသည်။ ပထမဦးစွာ အမေရိကန်တက္ကသိုလ်များတွင် ဗုဒ္ဓစာပေသင်ကြား ပို့ချခြင်းအတွေ့အကြုံများကို မျှဝေခြင်းခေါင်းစဉ်ဖြင့် ဆရာတော် ဒေါက်တာ ဖရာသကျဝုန် ဝိသုဒ္ဓိ(အနေးလ်ဆုဂန်တော) ထိုင်းနိုင်ငံက လည်းကောင်း၊ အရှေ့တိုင်းတွင် ပိဋကတ်သုံးပုံလေ့လာခြင်း(ပရာစိန)၊ သီရိလင်္ကာနိုင်ငံ၏ အရှေ့တိုင်းဘာသာလေ့လာရေးအသင်းမှ စာမေးပွဲများ ခေါင်းစဉ်ဖြင့် ဆရာတော်ပါမောက္ခဒေါက်တာ ဘဒ္ဒန္တ ဝိဇိတဓမ္မ (ပါဠိနှင့် ဗုဒ္ဓဘာသာဌာန၊ သီရိဇေယျဝရတနပူရ တက္ကသိုလ်၊ သီရိလင်္ကာနိုင်ငံ)ကလည်းကောင်း၊ မြန်မာပြည်၌ ပိဋကတ်စာပေ လေ့လာနည်းကို ယခင်နှင့် ယခု ပကတိအခြေအနေအတိုင်း လေ့လာခြင်း ခေါင်းစဉ်ဖြင့် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက လည်းကောင်း၊ မြန်မာနိုင်ငံ ပိဋကသင်ကြားခြင်းစနစ်နှင့် စာမေးပွဲများစာတမ်းကို မစိုးရိမ်ကျောင်းတိုက် မန္တလေးမှ ဆရာတော် ဘဒ္ဒန္တဥေယျာဘိဝံသက လည်းကောင်း၊ တိပိဋကရေ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးစာတမ်းကို တိပိဋကနိကာယကျောင်းတိုက်မှ ရွှေစင် တိပိဋက ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ(တိပိဋကရေ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက) က လည်းကောင်း၊ နိကာယ်စာမေးပွဲများအားလုံးမှ ပိဋကတ်သုံးပုံ လေ့လာခြင်းစာတမ်းကို ဒွိပိဋကရေ၊



တိုက်အုပ်ဆရာတော်၊ ဝိသုဒ္ဓါရာမကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ သီရိကဥ္စနာဘိဝံသက လည်းကောင်း၊ ပခုက္ကူ နည်းနှင့် ပိဋကတ်သုံးပုံကို လေ့လာခြင်းစာတမ်းကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် သိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်မှ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တ ကုမာရ (အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)တို့က လည်းကောင်း ပထမနေ့အဖြစ် ဖတ်ကြားတင်သွင်းခဲ့ကြသည်။

အခမ်းအနား ဒုတိယနေ့ကို နိုဝင်ဘာ ၂၆ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာသာသနာပြု ဆရာတော်များ၊ ပညာရှင်များက စာတမ်းများ ဆက်လက် ဖတ်ကြားခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် အောက်စဖို့ဒ်ဆရာတော်၏ သက်တော် ၅၃ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၌ ဆောက်လုပ်ပြီးစီးသော ကျောင်းဆောင်များနှင့် အဆောက်အအုံအချို့အား ရေစက်ချလှူဒါန်းခြင်း၊ ဆရာတော်၏ မွေးရပ်ဇာတိဖြစ်သော လဲချားမြို့ ပြည်သူ့ဆေးရုံအတွက် လူနာဆောင်တည်ဆောက်ရန် အလှူငွေများ ပေးအပ်ခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များ၊ အကယ်ဒမီနှင့်ကောလိပ်များ အသင်းအဖွဲ့များအား ဖိတ်ကြားပြီး ပညာရေးဆိုင်ရာ နှီးနှောတိုင်ပင်ဆွေးနွေးခြင်းများကိုလည်း ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် လဲချားမြို့တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ**

**ဓာတ်ပုံ-မေဦးမိုး**

# သက်ကြီးသတင်းစာဆရာများပြောသော သတင်းစာသမားဘဝ အဖုံဖုံ

ရန်ကုန် နိုဝင်ဘာ ၂၅

**မြန်မာနိုင်ငံ သတင်းစာအသင်းက ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ သတင်းစာဆရာကြီးအချို့၏ ဘဝကျင်လည်ရာ ဖြတ်သန်းမှုနှင့် သတင်းစာလောက အမြင်သုံးသပ်ချက်များကို စုစည်းတင်ပြလိုက်ရပါသည်။**



ကြေးမုံဦးသော်



ဦးစဝ်ကိုင်ဖ



ဦးအုန်းကြိုင်



ဦးဖြေ



ဦးသီဟစော

**ကြေးမုံဦးသော်**
**(ကြေးမုံသတင်းစာထူထောင်သူ)**

ကျွန်တော်က ကြေးမုံသတင်းစာကို ထူထောင်ခဲ့သူတစ်ဦးပါ၊ သတင်းစာအလုပ်ကို အောက်ခြေကနေစပြီး လုပ်ခဲ့ပါတယ်၊ သတင်းစာ အတတ်ပညာတွေကိုလည်း မျှဝေသင်ကြားမှုတွေ ပြုလုပ်ခဲ့ပါတယ်၊ သတင်းစာအလုပ်က အတော်လေးကျယ်ပြန့်တဲ့အလုပ်ပါ၊ လူတိုင်းကို သတင်းသိနိုင်ဖို့က သတင်းစာက အဓိကပဲလေ၊ ဟိုတုန်းကလည်း သတင်းစာပဲ၊ အခုလည်း သတင်းစာပဲလေ၊ သတင်းစာတွေ တိမ်ကောပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး၊ သတင်းစာကောင်းတစ်ခု ဖြစ်ဖို့ဆိုတာထက် ရေရှည်ရပ်တည်ဖို့ ခက်တယ်၊ သတင်းစာအလုပ်က မှန်လည်းမှန်ရမယ်၊ မြန်ဖို့လည်း လိုတာပေါ့၊ အဘက်ဘက်က မှန်မှန်နဲ့ မြန်မြန်လုပ်တတ်မှ သတင်းစာကောင်းဖြစ်နိုင်တာပါ၊ အခု အသက်က ၉၀ ကျော်နေပြီ။ သတင်းစာအလုပ်ကို စိတ်ဝင်စားတုန်းပါပဲ။

**ဦးစဝ်ကိုင်ဖ(အယ်ဒီတာချုပ်)(ငြိမ်း)**

တစ်ချိန်တုန်းက အစိုးရသတင်းစာတွေဖြစ်တဲ့ လုပ်သားမြန်မာနဲ့ လုပ်သားအင်္ဂလိပ်တို့မှာ အနှစ် ၂၀ လောက် လုပ်ခဲ့တယ်၊ အစိုးရသတင်းစာတွေ ဖြစ်တဲ့အတိုင်း အစိုးရရဲ့ ထုတ်ပြန်ချက်တွေကို အလေးထားပြီး ပြည်သူကို တင်ပြရပါတယ်၊ ဒါပေမယ့် သတင်းစာကျင့်ဝတ်၊ သတင်းစာဆရာကျင့်ဝတ်နဲ့ သတင်းထောက် ကျင့်ဝတ်တွေကိုတော့ လိုက်နာရတာပေါ့၊ အစိုးရရဲ့ ထုတ်ပြန်ချက်တွေ၊ ကြေညာချက်တွေကလွဲလို့ ကျွန်တော်တို့ဘက်လိုက်မှုမရှိပါဘူး၊ သတင်းစာပညာမှာ အရေးကြီးဆုံးဖြစ်တဲ့ အချက်အလက်မှန်ကန်ခြင်းကို အခြေခံထားပြီး ဖော်ပြပါတယ်၊ ပညာလည်းပေး၊ အသိလည်းပေးတဲ့ သတင်းစာဖြစ်အောင် တင်ပြခဲ့ပါတယ်၊ အခု ကျွန်တော့်အသက်က ၈၁ နှစ် ပြည့်တော့မှာပါ။

**ဦးအုန်းကြိုင်**
**(ဟံသာဝတီသတင်းစာအယ်ဒီတာ)**

ဒီနှစ် သက်ကြီးပူဇော်ပွဲမှာ တပ်မတော်က ပါဝင်လာတာ အင်မတန်ထူးခြားတယ်၊ ပီတိလည်း ဖြစ်တယ်၊ ဝမ်းလည်းသာတယ်၊ နိုင်ငံတော်သမ္မတက အလှူငွေ ပေးပို့လှူဒါန်းတဲ့အပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကပါ အလှူငွေ ပေးပို့လှူဒါန်းတဲ့အတွက် ကျေးဇူး အထူးပဲ တင်ရှိပါတယ်၊ ဒါဟာ စည်းလုံးညီညွတ်ခြင်းရဲ့ ပြယုဂ်တစ်ခုဆိုလည်း မမှားပါဘူး၊ ကျွန်တော်တို့ နိုင်ငံကို ပြည်ပက ဘယ်လောက် ဖိအားပေးပေး ကျွန်တော်တို့ရဲ့ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ပြီဖြစ်ပါတယ်၊ ကျွန်တော်က ဟံသာဝတီသတင်းစာက သတင်းထောက်ပေါက်စဘဝကနေ တာဝန်ခံအယ်ဒီတာအထိ လုပ်ခဲ့ပါတယ်၊ ဟံသာဝတီသတင်းစာ စဖွင့်တဲ့ ၁၉၄၅ ခုနှစ်က စပြီး ၁၉၆၉ ခုနှစ်ထိ လုပ်ခဲ့ပါတယ်။ အခု ကျွန်တော့် အသက်က ၉၀ ပါ။

**ဦးဖြေ(သတင်းစာဆောင်းပါးရှင်)**

ကျွန်တော်က မြန်မာ့အလင်း သတင်းစာနဲ့ ကြေးမုံသတင်းစာတွေမှာ ဆောင်းပါးတွေ ရေးခဲ့ပါတယ်၊ အထူးသဖြင့်တော့ မြန်မာ့ရိုးရာဓလေ့ မြန်မာ့ယဉ်ကျေးမှုရာသီဘွဲ့ ဆောင်းပါးတွေပါ၊ ဝိသဇ္ဇက ကလောင်အမည်နဲ့ ရေးခဲ့ပါတယ်၊ ပူဇော်ကန်တော့ခြင်းဆိုတာ မြန်မာတို့ရဲ့ယဉ်ကျေးမှုဖြစ်ပါတယ်၊ ဒီလို ပူဇော်ကန်တော့ခံယူနိုင်ဖို့ နှစ်ပေါင်း ၇၀ ကျော် ၈၀ အထိ သတင်းလောကအတွက် ရုန်းကန်ကြိုးစားခဲ့ကြရတဲ့ အကျိုးကျေးဇူးတွေ ဖြစ်ပါတယ်၊ ယခု တက်ရောက်ပြီး ကန်တော့ခံရတာကလည်း အနာဂတ်အတွက် အငှားလိုက်ခြင်းဖြစ်ပါတယ်၊ ပူဇော်ကန်တော့သူတွေလည်း သက်ရှည်ကျန်းမာကြပါစေ၊ ကျွန်တော့်အသက်က ၇၈ နှစ်ကျော်လို့ ၇၉ နှစ်ထဲ ရောက်နေပါပြီ၊ အသက်ရှင်နေသေးသရွေ့ သတင်းစာတွေကနေ ပြည်သူတွေအတွက် ပေးဆပ်နေဦးမှာပါ။

**ဦးသီဟစော (မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ)**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက သက်ကြီးပူဇော်ပွဲကျင်းပခဲ့တာ လေးကြိမ်မြောက် ရှိပါပြီ၊ ကျွန်တော်တို့ရဲ့ သက်ကြီးသတင်းစာဆရာတွေကို မေ့မထားဘူးဆိုတာပါပဲ၊ ပထမနှစ်မှာတော့ ၁၀၀ မပြည့်ဘူး၊ ဒီနှစ်မှာတော့ အသက် ၇၅ နှစ် ပြည့်တဲ့ သက်ကြီးသတင်းစာဆရာ ၁၃၀ ရှိပါတယ်၊ နိုင်ငံတော်သမ္မတနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း လှူတယ်၊ သတင်းစာဆရာကြီးတွေဟာ တစ်ချိန်က သတင်းစာနယ်ပယ်အသီးသီးမှာ တာဝန်ထမ်းရွက်ခဲ့ကြသူတွေပါ၊ စတုတ္ထမဏ္ဍိုင်အတွက် အဓိကဒေါက်တိုင်တွေ နေရာကနေ ပြည်သူတွေအတွက် ပေးဆပ်ခဲ့ကြသူတွေဖြစ်ပါတယ်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲနှင့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီး စာပေပညာရှင်များ ကန်တော့ပွဲ၊ ၇၃ နှစ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် နှစ်ပတ်လည်အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက မန္တလေး မဟာအောင်မြေ မြို့နယ် ၄၂ လမ်း ၈၁ လမ်းထောင့်ရှိ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ဗဟိုအမှုဆောင်ဆရာ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်-ကောလင်း) မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်း၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးရာစိုး(ရာစိုး-လူမှု)နှင့် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

အခမ်းအနားတွင် သက်ကြီးစာပေ ပညာရှင်များအား ပူဇော်ကန်တော့ပြီး သက်ကြီးစာပေပညာရှင်များ ကိုယ်စား ဆရာကြီး ဦးရာစိုး(ရာစိုး-လူမှု)က ဩဝါဒစကားချီးမြှင့်သည်။ ဆက်လက်၍ ၇၃ နှစ်မြောက် စာဆိုတော်နေ့အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဆရာဦးသန်းစိုး(သန်းစိုးအောင်)က ဖတ်ကြားကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

# UEHRD ပြည်ထောင်စုစီမံကိန်းလုပ်ငန်းစဉ် ဖော်ဆောင်မှု စေတနာ့ဝန်ထမ်းလူငယ်များ အလှည့်ကျ သွားရောက်ဆောင်ရွက်မည်




**ရန်ကုန် နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးပြည်ထောင်စုစီမံကိန်း (UEHRD) လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်း လူငယ်များအတွက် ဒုတိယအကြိမ် လုပ်ငန်းခွင်အကြို သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကျင်းပရာ UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေးအတွက် ပထမအသုတ် သွားရောက်ဆောင်ရွက်ခဲ့သူများထံမှ အတွေ့အကြုံသင်ခန်းစာများရယူ၍ ယခု ဒုတိယအကြိမ်အတွက် အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူ့အစိုးရအဖွဲ့သစ်အနေဖြင့် တာဝန်ယူဆောင်ရွက်သည့် ကာလမှာ လ ၂၀ ခန့်ရှိပြီဖြစ်ပြီး ပြည်သူ့အသံနှင့် ဆန္ဒအမှန်ကို သိရှိပြီး ပြည်သူ့လိုအပ်ချက်နှင့် ပြည်သူ့အကျိုးကို ဖြည့်ဆည်းဖော်ဆောင်ရန် အလေးထားဆောင်ရွက်လျက် ရှိပါကြောင်း၊ ဒီမိုကရေစီလမ်းစဉ်ကို လျှောက်လှမ်းရာတွင် ပြည်သူ၏ကဏ္ဍသည် အရေးပါ ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးသည် နိုင်ငံတကာက အာရုံစိုက်သည့် ကိစ္စရပ်ဖြစ်ပြီး တစ်နိုင်ငံလုံးသို့ အကျိုးသက်ရောက်မှုရှိနိုင်ပါကြောင်း။

ပြည်သူ့အင်အားဖြင့် အခက်အခဲများကို ကျော်လွှားနိုင်အောင် ပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည့် ပြည်ထောင်စုစီမံကိန်း UEHRD ကို ဖော်ထုတ်ထားရှိပါကြောင်း၊ မတူညီခြင်းကို ပေါင်းစပ်ပြီး ညီညွတ်မှုကို ရယူကာ ထိုညီညွတ်မှုမှသည် အောင်မြင်တိုးတက်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူထုတွင် ပါဝင်သည့် လူငယ်ထုအနေဖြင့် တာဝန်များကို လက်ဆင့်ကမ်း ယူကြရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မှန်ကန်သည့် လမ်းကြောင်းကို သွားနိုင်ရေးအတွက် အမှားကိုသင်ခန်းစာယူ၍ ကောင်းကျိုးများကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ပထမအကြိမ် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် စေတနာ့ဝန်ထမ်း လူငယ်များအနေဖြင့် ဇွဲနှင့်လုပ်ချင်စိတ် အားထက်သန်မှုကြောင့် အခက်အခဲများ စိန်ခေါ်မှုများစွာကို အောင်မြင်ကျော်လွှားနိုင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ လိုအပ်ချက်များ၊ စိန်ခေါ်မှုများကို သင်ခန်းစာယူ၍ ယခု ဒုတိယအသုတ်တွင် ပြုပြင် ဆောင်ရွက်ခြင်းဖြင့် ပိုမို အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လုပ်ငန်းသွားရောက်ဆောင်ရွက်မည့် လူငယ်များအနေဖြင့် မတူညီမှုများ၏ အင်အားကို ပေါင်းစည်းဆောင်ရွက်နိုင်ရေး တည့်မတ်ပေးမည့် စိတ်ခါတ်မျိုး ထားရှိရန်လိုကြောင်း၊ သို့မှသာ အားလုံးပြန်လည်ပေါင်းစည်းနေထိုင်နိုင်သည့် အခြေအနေကို ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ဒုတိယအကြိမ် သင်တန်းသို့ ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား စုစုပေါင်း ၅၀ တက်ရောက်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒုက္ခခံစားရသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို မိသားစုလက်ဝယ်အရောက် အဖွဲ့တစ်ဖွဲ့လျှင် ၂၀ စီပါဝင်သော လူငယ်အဖွဲ့များ ဖွဲ့စည်း၍ ဒုတိယအကြိမ်အဖြစ် ရက် ၂၀ ကြာ အလှည့်ကျ သွားရောက်လုပ်ငန်းဆောင်ရွက်မည်ဖြစ်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အမှတ် ၆၄ ကမ္ဘာအေးဘုရားလမ်းရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း (UEHRD) လုပ်ငန်းများတွင် အသုံးပြုရန်အတွက် The ladies and Light Photo Exhibition 2017 အမျိုးသမီးဓာတ်ပုံဆရာမများက အလှူငွေကျပ် ၂၆၇၄၀၀၀ အား လည်းကောင်း၊ သစ္စာပါရမီ နာယကဆရာတော် ဒေါက်တာ အရှင်ဇယတိဿအား အမှူးထား၍ စင်ကာပူ-မြန်မာ ဒါယကာ၊ ဒါယိကာမများက အလှူငွေကျပ် ၃၀၁၁၀၀၀ အား လည်းကောင်း၊ ဆေးတက္ကသိုလ် (၂) ၁၉၈၀-၈၅ Batch Charity Group က အလှူငွေကျပ် ၁၀၀၀၀၀၀ အား လည်းကောင်း တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ် ပထမအသုတ် ခရီးစဉ်မှ စကားသံများ

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) စေတနာ့ဝန်ထမ်းလူငယ်များ လုပ်အားပေးအစီအစဉ် ပထမအသုတ်အဖြစ် စေတနာ့ဝန်ထမ်းလူငယ်များသည် နိုဝင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ မောင်တောခရိုင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ ကိုးရက်တာ ဆောင်ရွက်ခဲ့ကြသည်။**

'ပြည်သူ့အတွက် လူငယ့် ရက် ၂၀' ခေါင်းစဉ်ဖြင့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့ရှိ ကျေးရွာများသို့ သွားရောက်သည့် စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့ကို ဘာသာပေါင်းစုံ၊ လူငယ်ပေါင်းစုံဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးနိုင်ရန်၊ ပြည်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးအတွက် အကူအညီပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

'ပြည်သူ့အတွက် လူငယ့် ရက် ၂၀' အစီအစဉ်တွင် ပါဝင်လိုသည့် လူငယ်များသည် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး ပထမအသုတ်၊ ဒုတိယအသုတ်၊ တတိယအသုတ် စသည်ဖြင့် ရေရှည်ဆောင်ရွက်သွားမည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။ သတင်းအဖွဲ့သည် မောင်တောမြို့သို့ ရောက်ရှိနေသည့် UEHRD စေတနာ့ဝန်ထမ်းလူငယ်များအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။



ဦးမောင်မောင်ကြီး (ဦးစီးအရာရှိ)
မောင်တောမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန



ကိုစိုင်းသူ
(Central Coordination Team- ဦးဆောင်အဖွဲ့)



ဦးနီမောင် (ဟိန္ဒူဘာသာဝင်)
မောင်တောမြို့နယ် လေးမိုင်ရပ်ကွက်

**ဦးမောင်မောင်ကြီး (ဦးစီးအရာရှိ)**
**မောင်တောမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန**

လူငယ်အဖွဲ့ဟာ မောင်တော၊ ဘူးသီးတောင်ဒေသကို နိုဝင်ဘာ ၁၃ ရက်မှ ၂၁ ရက်ထိ ကိုးရက်တိုင် ကျေးရွာများသို့ ဆင်းပြီး ပြည်သူတွေကို စားနပ်ရိက္ခာထောက်ပံ့ပေးမှုအပိုင်းနဲ့ လူသားချင်းစာနာမှု အကူအညီတွေပေးမှုစတာတွေကို ကူညီပေးခဲ့ပါတယ်။ မောင်တောမြို့နယ်မှာ တိုင်းရင်းသားကျေးရွာ ၁၉ ရွာနဲ့ ဘင်္ဂါလီကျေးရွာ နှစ်ရွာ၊ ဘူးသီးတောင်မြို့နယ်မှာ တိုင်းရင်းသားကျေးရွာ ၁၂ ရွာနဲ့ဘင်္ဂါလီကျေးရွာ နှစ်ရွာတို့ကို ရောက်ရှိပြီး ကူညီထောက်ပံ့မှုတွေ ပေးခဲ့ပါတယ်။ လူငယ်တွေ ကျေးရွာတွေကို ဆင်းတဲ့အခါ ကျေးရွာနေပြည်သူတွေရဲ့ အချက်အလက်တွေ၊ ဘာတွေလိုအပ်တယ်၊ ပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဘယ်လိုတွေ လုပ်ဆောင်ပေးဖို့ လိုအပ်တယ်စတဲ့ အချက်အလက်မျိုးစုံ စာရင်းကောက်ခံပါတယ်။ ထောက်ပံ့ပေးမှုအပိုင်းကတော့ လူငါးယောက်ကို တစ်ယူနစ်နှုန်းနဲ့ သတ်မှတ်ပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ ငါးသေတ္တာ၊ အာလူးစတဲ့ စားသောက်ကုန်တွေကို ထောက်ပံ့ပေးခဲ့ပါတယ်။

လူငယ်အဖွဲ့မှာဆိုရင် နေရာဒေသပေါင်းစုံနဲ့ ဘာသာပေါင်းစုံ ပါပါတယ်။ ဒေသခံတွေကို ထောက်ပံ့ပေးတဲ့ အပိုင်းမှာဆိုရင် ဒေသခံတွေလည်းပါလာတော့ ဘာသာစကားအခက်အခဲ သိပ်မရှိပါဘူး။ ကျွန်တော်တို့ဌာနအနေနဲ့ လူငယ်တွေနဲ့ပူးပေါင်းပါဝင်ပေးရတာကတော့ ရွာတွေမှာ သွားရောက်လှူဒါန်းပေးမယ့် ရိက္ခာပစ္စည်းတွေကို ရရှိအောင် ရုံးအဖွဲ့နဲ့ပေါင်းစပ်ပြီး ဖြည့်ဆည်းပေးရပါတယ်။ နောက်တစ်ချက်က လူငယ်တွေ သွားရေးလာရေး၊ စားသောက်နေထိုင်ရေးနဲ့ လုံခြုံရေးပိုင်းတွေကို ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ပေးရပါတယ်။ ပထမအသုတ်အနေနဲ့ ပြီးသွားပေမယ့် နောက်ထပ်လည်း ကိုးရက်ကြာကူညီပေးမယ့် လူငယ်အသုတ်နှစ်သုတ် လာရောက်ပြီး ကူညီထောက်ပံ့ပေးဖို့ စီစဉ်ထားတာလည်း ရှိပါသေးတယ်။

**ကိုစိုင်းသူ**
**(Central Coordination Team-ဦးဆောင်အဖွဲ့)**

ကျွန်တော်တို့ရန်ကုန်က ထွက်လာတဲ့အခါမှာ လူ ၇၀ ပါလာတယ်။ ဘူးသီးတောင်မှာ ၃၅ ယောက်နဲ့ မောင်တောမှာ ၃၅ ယောက်နေတယ်။ အဲ့ဒီကနေ ထသွားမယ့်ရွာ အရေအတွက်ပေါ်မူတည်ပြီးတော့ အဖွဲ့ငယ်လေးတွေ ပြန်ခွဲတယ်။ ဒီမှာရှိတဲ့သူတွေကို ကျွန်တော်တို့ ရိက္ခာပေးဝေတဲ့အခါမှာ သူတို့လိုချင်တဲ့ ပစ္စည်းတွေ ကျွန်တော်တို့က ဖြစ်စေချင်တယ်။ ကျွန်တော်တို့ပေးတဲ့ အရာတွေက သူတို့အတွက် ပိုနေတာတွေမဖြစ်ရအောင် တကယ်လိုချင်တဲ့ ပစ္စည်းရအောင် အရင်တုန်းကလို ရပ်ကွက်လူကြီးတစ်ယောက်ယောက်ကို ပေးခဲ့လိုက်တာမျိုး မဟုတ်ဘဲနဲ့ ကျွန်တော်တို့ အိမ်တိုင်ရာရောက်လိုက်ပြီး မိသားစုပုံစံ ၊ အိမ်ရဲ့ပုံစံတွေကို လေ့လာတယ်။ သူတို့ ဘာအခက်အခဲရှိသလဲ။ ကျွန်တော်တို့ အထောက်အပံ့ပေးတဲ့အခါ သူတို့ဘာတွေများလိုချင်သလဲဆိုတာမျိုးတွေ စာရင်းကောက်ယူတယ်။ ဒါကြောင့် ဒီအခါ ကျွန်တော်တို့လာတာ သူတို့အတွက် ပိုပြီးထိရောက်တဲ့ လုပ်ဆောင်မှုတွေ လုပ်နိုင်မယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့ လာတာကတော့ ကွဲပြားတဲ့ အဖွဲ့အစည်းတွေက ဖြစ်ပေမယ့် UEHRD နဲ့ HCYD ရဲ့ခေါင်းစဉ်အောက်မှာတော့ တစ်သားတည်း ဖြစ်သွားတာပေါ့။ ကျွန်တော်တို့ HCYD ကလူငယ်တွေပါတယ်။ ကိုဝေဠုကျော် ဖောင်ဒေးရှင်းက လူငယ်တွေပါတယ်။ NLD ကလူငယ်တွေပါတယ်။ ကမ္ဘောဇအလင်းက ပါမယ်။ ရခိုင်သဟာရ လူငယ်အဖွဲ့တွေ ပါမယ်။ ကျွန်တော်တို့ လူငယ်တွေက လူသားချင်းစာနာထောက်ထားတဲ့ အဆင့်ကို သွားတာမို့ ဘယ်သူ့ကိုပေးတယ်၊ ဘယ်သူ့ကိုတော့ မပေးဘူး ဆိုတာမျိုး ဝေဖန်မခံရအောင် ကျွန်တော်တို့ မျှမျှတတနဲ့ သူတို့ တကယ်လိုအပ်တာတွေ၊ လိုအပ်တဲ့ ပစ္စည်းတွေ ရရှိနိုင်အောင် ကျွန်တော်တို့က သွားရောက်ထောက်ပံ့တာပါ။ ဒီတစ်ခါမှာတော့ သူတို့လိုချင်တဲ့ ပစ္စည်းမျိုးတွေ အကုန်ပါချင်မှ ပါလိမ့်မယ်။ အဓိက သူတို့တွေရဲ့အခြေခံစားသောက်ကုန်ကို စီစဉ်ပေးထားတယ်။

ကျွန်တော်တို့က မြို၊ ကမန်၊ ဒိုင်းနက် တိုင်းရင်းသားတွေ အများကြီးဆီ ရောက်တယ်။ မြို တိုင်းရင်းသားတွေ ဆီရောက်ရင် မြိုတိုင်းရင်းသား၊ ကမန်၊ မရမာကြီး အစရှိသဖြင့်ပေါ့။ ဒေသခံ Regional Team တွေက လိုက်ပါပေးတယ်။ ဒေသခံတွေအတွက် လိုအပ်ချက်က ကျွန်တော်တို့ ဘာကိုသွားမြင်သလဲဆိုရင် အလုပ်အကိုင် အခွင့်အလမ်းပေါ့။ သူတို့တွေက ဆုံးရှုံးမှုတွေ အများကြီးရှိထားတယ်။ သူတို့ ပြန်ပြီးရပ်တည်နိုင်ဖို့အတွက် အဓိက ဝင်ငွေ မရှိဘူး။ အဓိက ဝင်ငွေတစ်ခု လိုအပ်တယ်။ အဲ့ဒီဝင်ငွေကလည်း ပုံသေရရှိနေမယ့် ဝင်ငွေတစ်ခုဖြစ်ရမယ်။ ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမယ်။ အဲ့ဒီတော့မှ လက်ရှိဖြစ်နေတဲ့ သူတို့ရဲ့အဆင့်တစ်ခုကို ကျော်ဖြတ်နိုင်မယ်။ ကျွန်တော်တို့ ဘင်္ဂါလီရွာတွေ သွားတဲ့အခါမှာ ကျွန်တော်တို့ မြင်ထားတာက စိန်ခေါ်မှုများမယ်လို့ ထင်ထားတာ။ ဒါပေမယ့် သူတို့ရဲ့ တုံ့ပြန်မှုက ကောင်းမွန်တယ်။

ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးဆီကို လက်ရှိမြေပြင်အခြေအနေနဲ့ ပတ်သက်ပြီး Report တင်သွားမယ်။ ပထမတုန်းက ကျွန်တော်တို့ လူငယ်တွေပဲ ဒီအစီအစဉ်ကို စဖို့ ကြိုးစားတာ။ ကျွန်တော်တို့က အလှူငွေထည့်ရုံပဲဆိုရင် လူသားချင်းစာနာမှု တကယ်ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် ကိုယ်တိုင် လာရောက်တာပါ။

**ဦးနီမောင် (ဟိန္ဒူဘာသာဝင်)**
**မောင်တောမြို့နယ် လေးမိုင်ရပ်ကွက်**

ကျွန်တော်က ဟိန္ဒူဘာသာဝင် တစ်ယောက်အနေနဲ့ ဒေသခံအဖွဲ့ (Regional Team) ထဲမှာ ပါလာတာပါ။ လာတဲ့အထဲမှာ ဆန်၊ ဆီ၊ ဆား၊ ပဲ ၊ အာလူး၊ နို့မှုန့် အစရှိတဲ့ ပစ္စည်း ခုနစ်မျိုးကို ကူညီပေးပါတယ်။ ကျွန်တော်တို့တွေ ရခိုင် တိုင်းရင်းသားတွေနေတဲ့ ရွာတွေ၊ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ရွာတွေနဲ့ ဟိန္ဒူဘာသာဝင်တွေနေတဲ့ ရွာတွေကို သွားရောက်ကူညီပေးပါတယ်။ အားလုံးကို မျှမျှတတ ပေးပါတယ်။ ကျွန်တော်တို့က ဒေသခံတွေအနေနဲ့ လိုအပ်တဲ့ ဘာသာစကား အခက်အခဲကို ကူညီပေးပါတယ်။ ကျွန်တော်က ဟိန္ဒူ၊ ဘင်္ဂါလီ၊ ရခိုင်နဲ့ မြန်မာစကား လေးမျိုးပြောတတ်ပါတယ်။ ဒီလို လူငယ်တွေ အခုလိုလာရောက်တာ အင်မတန်မှ ကောင်းပါတယ်။ ဒီကိုလာတဲ့ လူငယ်တွေက တစ်မြို့နယ်တည်း၊ တစ်နေရာတည်းက မဟုတ်ပေမယ့် ညီအစ်ကိုလို ဆက်ဆံပြီး ညီညီညွတ်ညွတ်နဲ့ ကူညီပံ့ပိုးဆောင်ရွက်ပေးကြတယ်။ ကျွန်တော်တို့ တစ်သက်မှာ အခုလို ညီညီညွတ်ညွတ်တွေ့တာဟာ ဒါပထမဆုံးပါပဲ။

*စာမျက်နှာ ၁၁ သို့*

# ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ရွာလုံးကျွတ်မီးရှို့ခံရသည့် မရမာကြီးလူမျိုး တိုင်းရင်းသားများ ရွာသစ်တည်ပေးရန်လိုလား

မောင်တော နိုဝင်ဘာ ၂၅

**ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ရွာလုံးကျွတ် မီးရှို့ခံလိုက်ရသည့် မောင်တော မြောက်ပိုင်း လောင်းဒုံကျေးရွာအုပ်စု ဖော်ကီတောင်ကျေးရွာရှိ မရမာကြီးလူမျိုး တိုင်းရင်းသားများသည် လက်ရှိတွင် ကြိမ်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီခိုလှုံနေထိုင်လျက်ရှိသည်။**

လက်ရှိ ကြိမ်ချောင်း ဘုန်းတော်ကြီးကျောင်း၌ ယာယီခိုလှုံနေထိုင်လျက်ရှိသည့် မရမာကြီး တိုင်းရင်းသားများတွင် အိမ်ထောင်စု ၂၂ စုရှိပြီး လူဦးရေ ၉၅ ဦးရှိကြောင်း ဖော်ကီတောင်ကျေးရွာ မရမာကြီး တိုင်းရင်းသား ဦးမောင်ကျော်သန်းထံမှ သိရသည်။

"ကြိမ်ချောင်းကျေးရွာနားမှာ နေထိုင်ဖို့ တောင်းခံထားပါတယ်၊ ဝန်ကြီးချုပ်လာတုန်းကတော့ အိမ်ပြန်ဆောက်ပေးမယ် ပြောသွားပါတယ်၊ ဩဂုတ် ၂၅ ရက်ဖြစ်စဉ်ဖြစ်ပြီး တစ်ပတ်လောက်ကြာမှ စစ်တွေကို ထွက်ပြေးကြတာပါ၊ စစ်တွေရောက်ပြီး ၁၀ ရက်လောက်ကြာတော့မှ ရွာကို မီးရှို့ခံရတယ်လို့ ကြားတာပါ၊ ကြိမ်ချောင်း ဘုန်းကြီးကျောင်းကို နိုဝင်ဘာ ၆ ရက်က ပြန်ရောက်ပါတယ်၊ ခုလက်ရှိ နေထိုင်စားသောက်ဖို့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရယ်၊ ဝေဠုကျော် ဖောင်ဒေးရှင်းနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးတို့က ထောက်ပံ့ပေးထားပါတယ်၊ ကြိမ်ချောင်း ဘုန်းတော်ကြီးကျောင်းမှာ နေရင်း လောလောဆယ်အလုပ်ကစပါးရိတ်ကြတယ်၊ ငါးလိုက်ရှာကြပါတယ်" ဟု ဖော်ကီတောင် ကျေးရွာခေါင်းဆောင် ဦးမောင်ကျော်သန်းက ပြောသည်။



ဦးမောင်ကျော်သန်း



ဒေါ်ညိုညိုခင်

ဖော်ကီတောင်ကျေးရွာတွင် နေထိုင်သည့် မရမာကြီးတိုင်းရင်းသားများသည် ၂၀၁၆ အောက်တိုဘာ အကြမ်းဖက်ဖြစ်စဉ်တွင်လည်း တိုက်ခိုက်ခံခဲ့ရပြီး လောင်းဒုံကျေးရွာအုပ်စု ဖော်ကီတောင်ကျေးရွာမှ ကြိမ်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။

မရမာကြီးတိုင်းရင်းသူ ဒေါ်ညိုညိုခင်က "ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုစဖြစ်တော့ ရွာပတ်ပတ်လည်မှာ ဗုံးတွေထောင်ထားပါတယ်၊ ညဘက်ကျတော့ ဗုံးတွေပေါက်တာ ရွာပြင်ကို ထွက်ပြေးလို့မရတော့ဘူး၊ မနက်မိုးလင်း ၁၁ နာရီလောက်မှာ ရွာကို တပ်ကစစ်ကြောင်းတွေရောက်လာပြီးမှ စစ်ကြောင်းတွေနဲ့ ကြိမ်ချောင်း ဘုန်းကြီးကျောင်းကို ရွှေ့ပြောင်းကြပါတယ်၊ ငါးရက်လောက်ကြာတော့ လောင်းဒုံ မြို့ရွာက တိုင်းရင်းသားတွေလည်း ဒီဘုန်းကြီးကျောင်းကို ထွက်ပြေးလာကြပါတယ်၊ ရွာနှစ်ရွာသုံးရွာဖြစ်လာတော့ ဘုန်းကြီးကျောင်းမှာ မဆံ့တော့ဘူး၊ ရဲစခန်းမှာပါ ခွဲနေကြရပါတယ်၊ နေရ ထိုင်ရ စားရသောက်ရတာ ခက်ခဲလာတော့ ရွာက အိမ်တွေ ယာတွေ၊ နွားတွေ၊ ကြက်တွေကိုထားခဲ့ပြီး စစ်တွေကို ကယ်ဆယ်ရေး ကားတွေနဲ့လိုက်ပြီး ထွက်ပြေးခဲ့ပါတယ်" ဟု အကြမ်းဖက်ဖြစ်စဉ်ကြောင့် မရမာကြီး တိုင်းရင်းသားများ ထွက်ပြေးတိမ်းရှောင်နေထိုင်ရသည့် အခြေအနေကို ပြောပြသည်။

မရမာကြီး လူမျိုးများသည် မောင်တောမြို့၊ ဖော်ကီတောင်ကျေးရွာ၊ မီးတိုက်ကျေးရွာ၊ တမန်းသားကျေးရွာ၊ တောင်ပြိုလက်ဝဲ ကျေးရွာနှင့် စစ်တွေမြို့များတွင် နေထိုင်လျက်ရှိကြသည်။

"ကျွန်မတို့ နေရတာက ဘင်္ဂါလီရွာတွေကြားထဲမှာနေရတယ်၊ ကျွန်မတို့က လူနည်းစုတွေပါ၊ အိမ်ခြေ ၂၀ လောက်ပဲရှိပါတယ်၊ ခုလက်ရှိ မီးလောင်သွားတဲ့ရွာမှာ နေရမှာအဆင်မပြေပါဘူး၊ နောက်တစ်နေရာမှာ ရွာတည်ပေးဖို့ တောင်းဆိုထားပါတယ်၊ ၂၀၁၆ ဖြစ်စဉ် တုန်းကလည်း ကျွန်မတို့ရွာ မီးရှို့ခံရပါတယ်၊ ဒီနှစ်လည်း ရွာကိုမီးရှို့ခံရပါတယ်၊ အကုန်ဆုံးရှုံးသွားပါတယ်၊ ကလေးတွေရဲ့ ပညာရေးလည်း စိုးရိမ်ရပါတယ်၊ ဘင်္ဂါလီ ရွာတွေကနေ ဖြတ်ပြီး ကျောင်းသွားတက်ရတော့ လုံခြုံမှု မရှိပါဘူး၊ လူကြီးတွေက ပြန်လည်ထူထောင်ရေး လုပ်ဆောင်ပေးမယ်လို့တော့ ပြောပါတယ်" ဟု ဒေါ်ညိုညိုခင်က ပြောသည်။

ဖော်ကီတောင်ကျေးရွာတွင် နေထိုင်သည့် မရမာကြီးလူမျိုး ဦးရွှေမောင်သည် ၂၀၁၆ နိုဝင်ဘာ ၁၃ ရက် ညပိုင်းက ဖော်ကီတောင် စိုက်ပျိုးရေးစခန်းမှ ဖော်ကီတောင်ကျေးရွာ နေအိမ်သို့ ပြန်လာစဉ် အကြမ်းဖက်သမား ရှစ်ဦးက ဓားဖြင့်ခုတ်သဖြင့် ဘယ်ဘက်လည်ကုပ်နှင့် နားရွက်တို့တွင် ပြတ်ရှဒဏ်ရာများ ရရှိခဲ့သဖြင့် ကြောက်ရွံ့ကာ ဖော်ကီတောင်ကျေးရွာမှ ရွာလုံးကျွတ် ကြိမ်ချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ တိမ်းရှောင်ခဲ့ဖူးသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-ဖိုးထောင်**

# မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရက်ပေါင်း ၄၀ ကျော်အတွင်း အမေရိကန်ဒေါ်လာ ၁၅ သိန်းကျော် ကုန်သွယ်မှုပြုနိုင်ခဲ့

**မောင်တော နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့အမှတ် (၁) ကုန်သွယ်ရေးစခန်းသည် နှစ်စဉ် ပို့ကုန်၊ သွင်းကုန် လျာထားချက်များဖြင့် ကုန်သွယ်မှု ပြုလျက်ရှိရာ ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ် နောက်ပိုင်း တစ်လကျော်ကြာ ယာယီရပ်နားထားခဲ့သော ကုန်သွယ်ရေးစခန်း ပြန်လည်ဖွင့်လှစ်သော အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၄ ရက်အထိ ရက်ပေါင်း ၄၀ ကျော်အတွင်း အမေရိကန်ဒေါ်လာ ၁၅ သိန်းကျော်ဖိုး ကုန်သွယ်မှု ပြုနိုင်ခဲ့ကြောင်း မောင်တော ကုန်သည်ကြီးများအသင်းရုံးမှ သိရသည်။



**မောင်တောကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်စံသိန်း**

မောင်တောနယ်စပ် နှစ်နိုင်ငံကုန်သွယ်ရေးစခန်းနှင့် ပတ်သက်၍ မောင်တောနယ်စပ် ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်စံသိန်းက "လက်ရှိ ကျွန်တော်တို့ အသင်းအနေနဲ့ ကုန်သည်တွေ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးပါတယ်၊ ကုန်သွယ်မှုအပိုင်းမှာ လတ်တလော ဒီဘက်အနေနဲ့ အခက်အခဲမရှိပါဘူး၊ အားလုံးအဆင်ပြေပါတယ်၊ ခုနောက်ပိုင်း ပုံမှန်ပြန်ဖြစ်လာပါပြီ၊ သွင်းကုန်အနေနဲ့ ဟိုဘက်က မလာပေမယ့် ဒီဘက်ပို့ကုန်အနေနဲ့ သွားနေတာရှိပါတယ်၊ တစ်ဖက်နိုင်ငံအနေနဲ့ သွင်းကုန်ကဏ္ဍမှာ အရင်ကလည်း သိပ်မရှိသလို ခုနောက်ပိုင်းဆိုရင် လုံးဝကို တင်သွင်းလာတာ မရှိပါဘူး၊ ဒီစခန်းမှာလည်း အရင်ကုန်သည်တွေများပေမယ့် ခုနောက်ပိုင်း ကုန်သည်တွေ နည်းလာပါတယ်၊ အဓိကပို့ကုန်အဖြစ် ကုန်သွယ်မှုပြုနေတာက သုံး-လေးဦးပဲ ရှိပါတယ်၊ ဒီနေ့အချိန်ထိ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကတော့ ဘာပစ္စည်းမှ သွင်းကုန်အနေနဲ့ မဝင်ပါဘူး၊ အရင်ကတော့ ရေတံ့ကင်၊ ဒန်အိုး၊ ဒန်ခွက်နဲ့ မုန့်အနည်းငယ်လောက် သွင်းကုန်အနေနဲ့ ဝင်တာရှိပါတယ်၊ နောက်ပိုင်း အဲဒါတွေပါ ဒီဘက်ကို လုံးဝ မဝင်တော့ပါဘူး" ဟု ပြောသည်။

မောင်တောခရိုင် မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းသည် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် အောက်တိုဘာ ၁၃ ရက်အထိ ယာယီ ကုန်သွယ်မှု ရပ်ဆိုင်းထားခဲ့သည်။ ပြန်လည်ဖွင့်လှစ်ကုန်သွယ်မှုပြုသည့် အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၄ ရက်အတွင်း သွင်းကုန်ပမာဏအနေဖြင့် လုံးဝမရှိသော်လည်း ပြည်တွင်းပို့ကုန်အနေဖြင့် နေ့စဉ်ပုံမှန် ကုန်သွယ်မှု ပြုလျက်ရှိသည်။ ယင်းကာလအတွင်း စတင်ဖွင့်လှစ်ခဲ့သော အောက်တိုဘာ ၁၄ ရက်မှ လကုန်အထိ ပို့ကုန်တင်ပို့ရောင်းချမှုမှာ အမေရိကန်ဒေါ်လာ သုံးသိန်းခြောက်သောင်းကျော် ရရှိခဲ့သည်။ အလားတူ ယခု နိုဝင်ဘာလဆန်းပိုင်းမှ နိုဝင်ဘာ ၂၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၁၁ သိန်းကျော် ရရှိခဲ့သဖြင့် ရက်ပေါင်း ၄၀ ကျော်အတွင်း ပို့ကုန် တင်ပို့ရောင်းချနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၅ သိန်းကျော်ဖိုး ကုန်သွယ်မှု ပြုနိုင်ခဲ့ကြောင်း သိရသည်။



**မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြည်တွင်းဆန်များ ကုန်သွယ်မှုပြုရန် စက်လှေကြီးများပေါ်သို့ တင်ဆောင်နေစဉ်။**

"နှစ်နိုင်ငံကုန်သွယ်မှုပိုင်းမှာ ပို့ကုန်အနေနဲ့ ကျွန်တော်တို့နိုင်ငံဘက်က ယနေ့အချိန်ထိ အများကြီး ပို့နိုင်ပါတယ်၊ ပို့ကုန်အနေနဲ့ ရေထွက် ကဏ္ဍရော လယ်ယာထွက်ကုန်ကဏ္ဍပါ ဒီဘက်အနေနဲ့ ပုံမှန်အတိုင်းပါပဲ၊ ပြောင်းလဲမှုတော့ သိပ်မရှိပါဘူး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကတော့ အရင်နှစ် အောက်တိုဘာလကတည်းက သွင်းကုန်အနေနဲ့ မလာတော့ဘူး၊ အရင်ကလည်း ဒေသအသုံးအဆောင်နဲ့ စားသောက်ကုန် အနည်းငယ်ပဲ သူတို့ဆီက တင်ပို့ခဲ့တာပါ၊ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ သွင်းကုန်ကို ပိတ်ထားတာ မရှိပါဘူး၊ ကုန်သည်ချင်းချိတ်ဆက်ပြီး နှစ်ဖက်စလုံးကို တရားဝင်လမ်းကြောင်းအတိုင်း ယနေ့အထိ ခွင့်ပြုထားပါတယ်၊ ကုန်သွယ်မှုအပိုင်းမှာ ဒီဘက်အနေနဲ့ ကန့်သတ်ပေးထားတာ မရှိပါဘူး" ဟု မောင်တောကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံအနောက်ဖျား မောင်တောနယ်စပ်မြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်သည် မောင်တောချောင်းမှ တစ်ဆင့် နတ်မြစ်လမ်းကြောင်း တစ်လျှောက် စက်လှေဖြင့်သွားလျှင် တစ်နာရီကျော်သာ ကြာမြင့်သဖြင့် နေ့စဉ်နာရီပိုင်းအတွင်း ကုန်သွယ်မှု ပြုလုပ်နိုင်သည်။ ယခုအခါ အဆိုပါလမ်းကြောင်း၌ မြန်မာနိုင်ငံဘက်မှ ပို့ကုန်များအဖြစ် ဆန်၊ ငါးပိ၊ ငါးခြောက်၊ ငါးခေါင်းပွ၊ ရေငန် ပုစွန်၊ ငါးသလောက်၊ ဝါး၊ ကြိမ်၊ ပဲမျိုးစုံစသည်ဖြင့် ကဏ္ဍစုံမှ တင်ပို့လျက် ရှိသော်လည်း လတ်တလော တစ်ဖက်နိုင်ငံ သွင်းကုန်မှာ ယနေ့တိုင် တင်သွင်းလာခြင်း မရှိသေးပေ။ အဆိုပါ နယ်စပ်ဂိတ်မှ ယခင်နှစ် အနည်းငယ်အတွင်း သွင်းကုန်၊ ပို့ကုန်များအပြင် တစ်ဖက်နှင့် တစ်ဖက် ကူးလူးသွားလာနိုင်သော နေ့ချင်းပြန်ပတ်စ်ပို့နှင့် ခုနစ်ရက် ပတ်စ်ပို့တို့ကိုပါ ထုတ်ပေးသော်လည်း ယခုအခါ ကုန်သွယ်စီးဆင်းမှုအရသာ ကူးလူးသွားလာမှု ရှိနေသေးကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

**သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်**

*စာမျက်နှာ ၁၀ မှ*



**ကိုဖြိုးကိုကိုဇော်**
**ဝေဠုကျော်**
**ဖောင်ဒေးရှင်း**

**ကိုဖြိုးကိုကိုဇော်**
**ဝေဠုကျော်ဖောင်ဒေးရှင်း**

ကျွန်တော်တို့ ဝေဠုကျော်ဖောင်ဒေးရှင်းကလည်း ဒီအစီအစဉ်မှာ volunteer အနေနဲ့ ပါဝင်ခဲ့တာပါ။ ကျွန်တော်က စရောက်ကတည်းက မောင်တော၊ တောင်ဘက်ပိုင်းတွေကို သွားခဲ့တယ်။ လိုအပ်တဲ့ စာရင်းတွေ ကောက်တယ်။ နောက်ရိက္ခာတွေ ဝေပေးပါတယ်။ နောက်ပိုင်းမှာလည်း မောင်တောမြောက်ပိုင်းကိုသွားပြီး စာရင်းကောက်တယ်။ ရိက္ခာတွေ ဖြန့်ပေးတယ်။ အခက်အခဲကတော့ ဘာသာစကားပါပဲ။ အဲ့ဒီလို ဘာသာစကား အခက်အခဲလေးတွေ ကြုံပေမယ့်လည်း Regional Team ကလည်း ဖြေရှင်းကြတယ်။ လမ်းခရီးမှာလည်း ကျွန်တော်တို့တွေ တော်တော်လေး ပင်ပန်းကြတယ်။ ရာသီဥတု မတူတာတွေ၊ လမ်းခရီးကြမ်းတာလေးတွေပေါ့။ ကျွန်တော်ကတော့ တိုင်းရင်းသားရွာတွေရောက်တာ များတယ်။ တိုင်းရင်းသားတွေမှာ ရခိုင်တိုင်းရင်းသားတွေအပြင်၊ မြို တို့၊ ခမီ တို့လည်း ပါပါတယ်။ ဒီစီမံကိန်းက အခုမှ ပထမဆုံးစတာမို့ အခက်အခဲလေးတွေတော့ ရှိတယ်။ ဒါကလည်း ပထမဆုံးအကြိမ်မို့ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒုတိယ၊ တတိယတွေ လာဦးမှာဆိုတော့ လူငယ်တွေအနေနဲ့ ဒီအစီအစဉ်မှာ ပါဝင်စေချင်ပါတယ်။

ကျွန်တော်တို့ လူငယ်တွေရဲ့အားကို ယုံကြည်လို့ နိုင်ငံတော်က လက်တွဲပြီးဆောင်ရွက်တဲ့အခါ ကျွန်တော်တို့ လူငယ်တွေအနေနဲ့လည်း ပါဝင်သင့်တယ်လို့ မြင်ပါတယ်။ လက်ရှိကတော့ ပထမဆုံးမို့ သူတို့ရဲ့လိုအပ်မှုတွေကို စာရင်းကောက်ထားတယ်။ ဒေသလိုအပ်ချက်၊ သူတို့ မိသားစုရဲ့လိုအပ်ချက်၊ သူတို့အိမ်အတွက် လိုအပ်ချက်တွေကို အသေးစိတ်စာရင်းကောက်ယူထားတယ်။ တချို့က ဒါကတကယ်ရမှာလား ဆိုတာမျိုး မေးတာပေါ့။ ကျွန်တော်တို့ ကောက်ယူခဲ့တဲ့ စာရင်းတွေက နိုင်ငံတော်ကို ရောက်မှာမို့ တိုင်းရင်းသားတွေရဲ့ဒေသမှာ ဖွံ့ဖြိုးပြီး စီးပွားရေးတွေလည်း အဆင်ပြေလာဖို့ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ပိုအပင်ပန်းခံပြီး စာရင်းကို သေချာကောက်ယူတယ်။ ဒီခရီးစဉ်က ပင်လည်းပင်ပန်းတယ်၊ ပီတိလည်းဖြစ်ရတယ်။ ပင်ပန်းနေပေမယ့် ရွာတွေရောက်တဲ့အခါ ဘာသာစကား အခက်အခဲကြောင့် အမှတ်တမဲ့ အလွဲလေးတွေက အပျော်အဖြစ် ကူးစက်တာပေါ့။ ကျွန်တော်တို့ ရိက္ခာတွေ ဝေပေးတဲ့အခါ သူတို့မျက်နှာမှာ ပေါ်လာတဲ့ အပြုံးတစ်ခုက ကျွန်တော်တို့ကို ပီတိ ပြန်ဖြစ်စေပါတယ်။ ဒါဟာ ကျွန်တော်တို့ရခဲ့တဲ့ အပျော်ပီတိတစ်ခုပါ။



**စေတနာ့ဝန်ထမ်း လူငယ်များ မောင်တောဒေသ၌ စားနပ်ရိက္ခာများ ဖြန့်ဝေပေးရာတွင် ကူညီဆောင်ရွက်ပေးစဉ်။**

## တာချီလိတ်၌ ငွေကျပ်သိန်းပေါင်း ၁၆၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ



**တာချီလိတ် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ဟုမ်းမတ်လမ်း၌ နိုဝင်ဘာ ၂၄ ရက်က ငွေကျပ်သိန်းပေါင်း ၁၆၀၇ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအပြင် ပစ္စတိုသေနတ် တစ်လက်နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက် ညနေ ၄ နာရီက ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ဟုမ်းမတ်လမ်းရှိ အားချူ ငှားရမ်းနေထိုင်သော ဂိုဒေါင်အတွင်း ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းအရ ဝင်ရောက်စစ်ဆေးရှာဖွေရာ အားချူနှင့်အတူ ထိုင်းနိုင်ငံသား Mr.Prasan တို့အား တွေ့ရှိခဲ့သည်။

ဆက်လက်ရှာဖွေရာ ပစ္စတိုသေနတ် တစ်လက်နှင့် ကျည်မျိုးစုံ ၃၄၉ တောင့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၂၀၀ (အလေးချိန် ၆ ဒသမ ၂၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် ၂ ဒသမ ၁ ကီလိုခန့်၊ အက်တက်စီ (Ecstasy) ဆေးပြား ၉၀၀၊ ဘိန်းညို ဘလောက်တုံး ခုနစ်တုံး (အလေးချိန် ၂ ဒသမ ၃၁ ကီလိုခန့်)၊ ကဖင်း ၁၆ ကီလိုခန့်၊ အနံ့မှုန့် အလေးချိန် တစ်ကီလို၊ VANILINE အနံ့မှုန့် အလေးချိန် ၃၅ ကီလိုခန့်၊ အနံ့ဆေးရည် အလေးချိန် ၂၀ လီတာခန့်၊ မော်တာတပ်ဆင်လျက် ဆေးပြားရိုက်စက် နှစ်လုံးနှင့် အခြား ဆက်စပ်ပစ္စည်းများ၊ ထိုင်းဘတ်ငွေ ၁၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၁ ဒေါ်လာ၊ မော်တော်ယာဉ်နှစ်စီး၊ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၆၀၇ ဒသမ ၂၃၅ သိန်းခန့်တို့အား သိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူ အားချူ (၅၁ နှစ်) မယ်ခေါင်ရပ်ကွက် တာချီလိတ်မြို့နေသူနှင့် ထိုင်းနိုင်ငံသား Mr.Prasan (၄၄ နှစ်) ဆီမုန်းချွန်းရပ်ကွက် မယ်ဆိုင်မြို့ ထိုင်းနိုင်ငံနေသူတို့အား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## အင်းတော်မြို့နယ်၌ တရားမဝင် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**အင်းတော် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန္တလေး-မြစ်ကြီးနားသွားကားလမ်းပေါ်မှ ကျောက်စိမ်းအရိုင်းတုံး ပိဿာချိန် ၁၃၃၆ ဒသမ ၇၃ ပိဿာအား ယာဉ်မောင်းနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီခန့်တွင် အင်းတော်မြို့နယ် နဘားရဲကင်းစခန်းမှူး ရဲအုပ်ခင်ဇော်ထိုက်နှင့် ရဲတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် မန္တလေး - မြစ်ကြီးနားသွား ကားလမ်း မိုင်တိုင်အမှတ် ၁၄၄/၅ နေရာတွင် ချစ်မင်းမောင်းနှင်၍ ယာဉ်နောက်လိုက် နိုင်လင်းထွန်း လိုက်ပါလာသော 7C/----'ရွှေကချင်' မြစ်ကြီးနား-ရန်ကုန် ခရီးသည်တင် မှန်လုံယာဉ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းယာဉ်ပေါ်မှ ကျောက်စိမ်းအရိုင်းတုံးများ ထည့်ထားသော အိတ် ၅၈ အိတ် (၁၃၃၆ ဒသမ ၇၃ ပိဿာ)အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ယာဉ်မောင်း ချစ်မင်းကျောက်အိုက်ကျေးရွာ ထီးချိုင့်မြို့နယ်နေသူနှင့် နိုင်လင်းထွန်း မုတ်ခမူကျေးရွာ ညောင်လေးပင်မြို့နယ်နေသူတို့အား အင်းတော်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှု တရားလိုပြသက်သေ ၆၀ အထိ စစ်ဆေးမှု ပြုလုပ်နိုင်ခဲ့ပြီးဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၅**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ပြီး တရားလိုပြသက်သေနှစ်ဦး စစ်ဆေးခဲ့ကြောင်းနှင့် ယနေ့ထိ ရုံးချိန်းပေါင်း ၃၂ ချိန်းတွင် လိုပြသက်သေ ၆၀ ထိ စစ်ဆေးမှုပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ဒုတိယခရိုင် တရားသူကြီး ဦးရဲလွင်က "ဒီနေ့မှာ အင်းစိန်မြို့နယ် ဈေးကုန်း အရှေ့ရပ်ကွက် ရာအိမ်မှူး ဦးလုထွင်နဲ့ ရာအိမ်မှူး ဦးတင်မောင်တို့ နှစ်ဦးကို လိုပြသက်သေအဖြစ် စစ်ဆေးခဲ့ပါတယ်၊ နောက်အပတ် ရုံးချိန်းကိုတော့ ဒီဇင်ဘာ ၁ ရက် သောကြာနေ့ကို ချိန်းဆိုလိုက်ပါတယ်" ဟု ပြောကြားသည်။

တရားလိုအကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးနေလက "ကျန်ခဲ့တဲ့အပတ်က မမှန်သက်သေ ထွက်ဆိုတဲ့ သက်သေတစ်ဦးကို အရေးယူဖို့လျှောက်ထားတယ်၊ ဒါပေမယ့် မမှန်မကန် သက်သေခံတဲ့ကိစ္စဟာ ရာဇဝတ်ကျင့်ထုံး ဥပဒေအရ စုံစမ်းစစ်ဆေးရမယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး မှုခင်းအသိပညာပေး ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၈ ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဇော်မင်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၃၀)မှ ဒုရဲမှူး အောင်ဝင်းတို့က အသိပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ပြီး မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးမြင့်လွင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၃၅ ဦးခန့် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**



## ကနီမြို့နယ်တွင် တရားမဝင် သစ်ခွဲသားများနှင့် ယာဉ်သုံးစီး တစ်ရက်တည်း ဆက်တိုက်ဖမ်းဆီးရမိ

**ကနီ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် မုံရွာခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးမှူးများ ဦးဆောင်သော သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် တရားမဝင် ပိတောက်ခွဲသား စုစုပေါင်း ၃ ဒသမ ၃၂၄၂ တန်နှင့် ယာဉ် သုံးစီးကို နိုဝင်ဘာ ၂၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ယင်းမာပင်ခရိုင်အတွင်း နိုဝင်ဘာ ၂၅ ရက် နံနက် ၃ နာရီက ကနီမြို့နယ်အတွင်းရှိ မုံရွာ-ယာကြီး-ကလေးဝ လမ်း မိုင်တိုင်အမှတ် ၁၅/၀ တွင် တရားမဝင် ပိတောက်ခွဲသား ၁၀ ချောင်း(၁ ဒသမ ၅၉၆၀ တန်)တင်ဆောင် ရပ်တန့်ထားသော ယာဉ်အမှတ် 8L/---- ယာဉ်တစ်စီး၊ ဆက်လက်ပြီး နံနက် ၉ နာရီ ၄၅ မိနစ်က မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ် ၁၅/၃ မိုင် အနောက်ဘက် တောစပ် တစ်ဖာလုံ အကွာတွင် တရားမဝင် ပိတောက်ခွဲသား ၂၀ ချောင်း (သုည ဒသမ ၈၆၉၈ တန်) တင်ဆောင် ရပ်တန့်ထားသော ယာဉ်အမှတ် Mdy 7E/---- ယာဉ်တစ်စီးနှင့် တရားမဝင် ပိတောက်ခွဲသား ၂၀ ချောင်း(သုည ဒသမ ၈၅၈၄ တန်) တင်ဆောင်ရပ်တန့်ထားသော ယာဉ် အမှတ် YGN 3K/---- ယာဉ်တစ်စီး စုစုပေါင်း တရားမဝင် ပိတောက်ခွဲသား ၅၀ ချောင်း (၃ ဒသမ ၃၂၄၂ တန်) တင်ဆောင် ရပ်တန့်ထားသော မော်တော်ယာဉ် သုံးစီးတို့အား တစ်ရက်တည်း ဆက်တိုက် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်များနှင့် ယာဉ်သုံးစီးအား ချောင်းမဘိနယ် သစ်တောစခန်းတွင် သယ်ယူ ထိန်းသိမ်းထားရှိပြီး မြို့နယ်သစ်တောဦးစီးဌာနက ဥပဒေအရ အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် မြန်မာ အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး
စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

GREEN. GRAND. CARE FOR THE PEOPLE
GRAND HANTHA INTERNATIONAL HOSPITAL
MMPGA

အထွေထွေရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာယဉ်ဖြူလွင်
MBBS, MD,
ABIM Board Certified (Internal Medicine)
Internal Medicine Consultant, New York, USA
၁.၁၁.၂၀၁၇ မှ ၃၁.၁.၂၀၁၈ထိ

နှလုံးရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာမောင်မောင်ခင်
MBBS, MD, Internal Medicine/Cardiology
Assistant Professor of Cardiovascular Medicine,
University of South Florida College of Medicine, USA
၁၆.၁၁.၂၀၁၇ မှ ၃၀.၁၁.၂၀၁၇ထိ

အထွေထွေရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာလေးလေးခင်
MBBS, MD,
ABIM Board Certified (Internal Medicine)
Hospitalist / Internal Medicine, Florida, USA
၂၀.၁၁.၂၀၁၇ မှ ၃.၁၂.၂၀၁၇ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိလူနာများကို
လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၁)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ။
01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

# အီဂျစ်နိုင်ငံမြောက်ပိုင်း ဆိုင်းနိုင်းတွင် ဘာသာရေးအဆောက်အအုံတစ်ခု တိုက်ခိုက်ခံရ သေဆုံးသူ ၂၃၅ ဦးအထိမြင့်တက်၊ ဒဏ်ရာရသူများအား အီဂျစ်သမ္မတ သွားရောက်အားပေး

**ကိုင်ရို နိုဝင်ဘာ ၂၅**

အီဂျစ်နိုင်ငံမြောက်ပိုင်း ဆိုင်းနိုင်းပြည်နယ်အတွင်းရှိ ဘာသာရေးအဆောက်အအုံတစ်လုံးကို နိုဝင်ဘာ ၂၅ ရက်က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၂၃၅ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း အီဂျစ်နိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းဌာန၏ နောက်ဆုံးသတင်းဖော်ပြချက်အရ သိရသည်။

စစ်သွေးကြွများက ဘာသာရေးအဆောက်အအုံအတွင်းရှိ ဝတ်ပြုဆုတောင်းနေသူများကို တိုက်ခိုက်ခဲ့ရာ အဆိုပါတိုက်ခိုက်မှုတွင် ဒဏ်ရာရရှိသူ ၁၀၉ ဦးရှိပြီး သေဆုံးသူများမှာ ၁၁၅ ဦးရှိကြောင်း ကနဦးသတင်းထုတ်ပြန်ချက်များအရ သိရသည်။

တိုက်ခိုက်မှုသည် အာရစ်မြို့မှ ကီလိုမီတာ ၄၀ ကွာဝေးသော ရောဒါကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ် အစီးပေါင်း ၅၀ ရောက်ရှိလာခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများကို အာရစ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အီဂျစ်သမ္မတ အက်ဒယ်ဖာတာ့ဟ် အယ်လ်စီစီကလည်း ဆေးရုံအတွင်း ဆေးကုသမှုခံယူနေသည့် ဒဏ်ရာရရှိနေသူများကို နှစ်သိမ့်အားပေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုမဖြစ်ပွားခင် အာရစ်မြို့ပြင်အနီးရှိ ဘာသာရေးအဆောက်အအုံတစ်လုံး၏ အပြင်ဘက်တွင်လည်း ဗုံးတစ်လုံးဖောက်ခွဲခဲ့ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။ တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အီဂျစ်သမ္မတက အရေးပေါ်လုံခြုံရေးအစည်းအဝေးတစ်ရပ်ခေါ်ယူခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အကြီးအကဲနှင့် စစ်ထောက်လှမ်းရေးအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး အီဂျစ်သမ္မတက နိုင်ငံတစ်ဝန်းလုံးအား သုံးရက်တာ ဝမ်းနည်းကြောင်းနေ့များအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။

ဆင်ဟွာ





## ဇင်ဘာဘွေ ဘဏ္ဍာရေးဝန်ကြီးဟောင်း အကျင့်ပျက်ခြစားမှု အာဏာအလွဲသုံးမှုတို့ဖြင့် တရားရင်ဆိုင်နေရ

**ဟာရာရီ နိုဝင်ဘာ ၂၅**

ဇင်ဘာဘွေ တပ်မတော်က နိုင်ငံရေးအခြေအနေကို ခေတ္တခဏထိန်းသိမ်းစဉ် ဖမ်းဆီးခဲ့သော ယခင်ဇင်ဘာဘွေဘဏ္ဍာရေးဝန်ကြီး အက်နာတီးယက်စ်ချွန်ဘိုသည် အကျင့်ပျက်ခြစားမှုစွပ်စွဲချက်များကို တရားရုံး၌ နိုဝင်ဘာ ၂၅ ရက်က လာရောက်ရင်ဆိုင်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သောနှစ်ပတ် ဖမ်းဆီးထိန်းသိမ်းစဉ်အချိန်မှစကာ ယခုအချိန်အထိ ပြည်သူရှေ့ထွက်ကာ တရားရုံး၌ တရားရင်ဆိုင်ခဲ့ခြင်းသည် ၎င်းအတွက် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ပြင်ပထိခိုက်ဒဏ်ရာရရှိပုံ မတွေ့ရသော ၎င်းကို တရားရုံး၌ တိတ်ဆိတ်စွာတွေ့ရပြီး ၎င်းသည် အပြာရင့်ရောင် ဝတ်စုံကိုဝတ်ဆင်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

သို့သော်လည်း ၎င်းသည် တာဝန်ရှိသူများ၏ ဖမ်းဆီးထိန်းသိမ်းစဉ်အတွင်း ဒဏ်ရာများရရှိခဲ့သောကြောင့် ဆေးရုံတက်ခဲ့ရကြောင်း ၎င်း၏ရှေ့နေဖြစ်သူ လက်ဗ်မောမက်ဒုကုက ပြောခဲ့သည်။

၎င်းကို အကျင့်ပျက်ခြစားမှုနှင့် အာဏာအလွဲသုံးမှုတို့ဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။ ဇနူးပီအဖ်ပါတီမှ ၎င်းကို လွန်ခဲ့သော တနင်္ဂနွေနေ့က ပါတီမှ ထုတ်ခဲ့ကြောင်း သိရသည်။

ရိုက်တာ

## ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ရဲကားတစ်စီးပေါက်ကွဲရာ ရဲထောက်လှမ်းရေးချုပ်သေဆုံး

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၅**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြို့တော်ပက်ရှ်ဝါတွင် မကြာသေးမီက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အဆင့်မြင့် ရဲအရာရှိတစ်ဦးအပါအဝင် ရဲနှစ်ဦးသေဆုံးခဲ့ကာ ဒဏ်ရာရရှိသူ ခြောက်ဦးရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာတစ်ခုတွင် ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုကြောင့် သေဆုံးသူများထဲတွင် ရဲထောက်လှမ်းရေးချုပ် မူဟာမက်အာဆပ်နော်နှင့် ၎င်း၏ကိုယ်ရံတော်တို့ သေဆုံးသွားခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက်ခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုသည် ပက်ရှ်ဝါမြို့ဟိုင်ယာတာဘတ်နယ်မြေရှိ တာတာရာ ပန်းခြံအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲကားတစ်စီးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း မသိရသေးချေ။

ဆင်ဟွာ

## ဇင်ဘာဘွေ သမ္မတသစ် ဖြစ်လာသည့် မနန်ဂွါထံ တရုတ်နိုင်ငံက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**ပေကျင်း နိုဝင်ဘာ ၂၅**

ဇင်ဘာဘွေနိုင်ငံ သမ္မတသစ် အီမာဆန် မနန်ဂွါထံသို့ တရုတ်သမ္မတရှီကျင့်ဖျင်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံနှင့် ဇင်ဘာဘွေနိုင်ငံတို့သည် မိတ်ဆွေကောင်းများ၊ မိတ်ဖက်ကောင်းများဖြစ်သလို ညီအစ်ကိုကောင်းများလည်းဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

ထို့ပြင် နှစ်နိုင်ငံ ဆက်ဆံရေးသည် စမ်းသပ်ခံအချိန်ကာလအား ကြံ့ကြံ့ခံနိုင်ခဲ့ပြီး နိုင်ငံတကာ အခြေအနေအား ပြောင်းလဲနိုင်ခဲ့ကြောင်း အဆိုပါသဝဏ်လွှာတွင် ဆက်လက်ဖော်ပြထားသည်။

တရုတ်နိုင်ငံအနေဖြင့် ဇင်ဘာဘွေနိုင်ငံနှင့် အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုအပေါ် တန်ဖိုးထားကြောင်း၊ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုခိုင်မာရေးအတွက် အတူတကွ လုပ်ဆောင်ရန်အသင့်ရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ကာ ပြည်သူများအတွက် အကျိုးကျေးဇူးများယူဆောင်ပေးနိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျန်ရှမ်းက ပြောခဲ့သည်။

မနန်ဂွါသည် ဇင်ဘာဘွေနိုင်ငံ၏ သမ္မတသစ်အဖြစ် နိုဝင်ဘာ ၂၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## တရုတ်နိုင်ငံက အဝေးထိန်းဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့

**ပေကျင်း နိုဝင်ဘာ ၂၅**


တရုတ်နိုင်ငံက လောင့်ချ်မတ်ချ်-၂စီ ဒုံးပျံဖြင့် အဝေးထိန်းဂြိုဟ်တုတစ်လုံးကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်းပြည်နယ် စီချန်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ နိုဝင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၀ မိနစ်တွင် လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်လိုက်ပြီး ယင်းဂြိုဟ်တုမှာ ပတ်လမ်းထဲသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းဂြိုဟ်တုသည် လျှပ်စစ်သံလိုက်ဆိုင်ရာ သက်သေပြချက်များနှင့် အခြားစမ်းသပ်ချက်များကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုကို လောင့်ချ်မတ်ချ်ဒုံးပျံမိသားစုက ၂၅၆ ကြိမ်မြောက် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



## ဂျပန်နှင့် ရုရှား စီးပွားရေးကဏ္ဍ တိုးမြှင့်ရန် သဘောတူ

**မော်စကို နိုဝင်ဘာ ၂၅**

ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ဝန်ကြီးများသည် နှစ်နိုင်ငံကြား စီးပွားရေးကဏ္ဍတိုးမြှင့်ရန်နှင့် ပြည်သူများကြား အပြန်အလှန်နားလည်မှုများ တိုးမြှင့်ရန် သဘောတူခဲ့ကြောင်း နိုဝင်ဘာ ၂၅ ရက်က အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် ရုရှားဒုတိယဝန်ကြီးချုပ် အစ်ဂေါ်ရှုပါလော့ဗ်တို့သည် မော်စကို၌ ယမန်နေ့က ကျင်းပသော နှစ်နိုင်ငံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆွေးနွေးပွဲ၌ ထိုသို့ သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံက အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုရှားအရှေ့ဖျားဒေသများတွင် စွမ်းအင်ကဏ္ဍများအပါအဝင် ကဏ္ဍလေးခုတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး အဆိုပြုခဲ့ကြောင်း သိရသည်။ နှစ်ဖက်နိုင်ငံများသည် ပုဂ္ဂလိပိုင်းဆိုင်ရာ သဘောထားအမြင်များ ပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

အင်န်အိတ်ချ်ကေ

## နိုင်ငံတကာ သတင်းတိုထွာ

### ၂၀၁၇ခုနှစ် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်း ကုလထုတ်ပြန်

**ခတ္တမန္ဒူ နိုဝင်ဘာ ၂၅**
နီပေါနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရုံးက ၂၀၁၇ ခုနှစ်ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ အစီရင်ခံစာအား ယမန်နေ့က ထုတ်ပြန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ စာရင်းတွင် အာရှနိုင်ငံများတွင် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် နီပေါနိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

အစီရင်ခံစာအရ ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံ ၄၇ နိုင်ငံသည် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများထက် အိမ်များနှင့် စီးပွားရေးလုပ်ငန်းများတွင် စွမ်းအင်ပိုမိုရရှိမှုနိမ့်ကျသွားကြောင်း ဖော်ပြထားသည်။

အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာအနှံ့စွမ်းအင်ရရှိရေး ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက် အောင်မြင်စေရမည်ဖြစ်ကြောင်း၊ နှစ်စဉ် လျှပ်စစ်မီးရရှိမှု ၃၅၀ ရာခိုင်နှုန်း တိုးတက်လာရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ အစီရင်ခံစာအရ ဖော်ပြထားချက်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် တစ်လလျှင် လျှပ်စစ်အား ပြတ်တောက်မှု ၁၀ ကြိမ်ဖြစ်ပွားခဲ့ကြောင်း တစ်ကြိမ်လျှင် ငါးနာရီဝန်းကျင်ကြာမြင့်ကြောင်း အခိုင်အမာဖော်ပြထားသည်။ **ဆင်ဟွာ**

---

### အာရှ၌ အမေရိကန် ဒုံးကျည် ကာကွယ်ရေးစနစ် ဖြန့်ကြက်မှုကို ရုရှားကန့်ကွက်

**မော်စကို နိုဝင်ဘာ ၂၅**
Aegia Ashore ဟု အမည်ပေးထားသည့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်သစ်ကို အာရှ- ပစိတ်ဖိတ်ဒေသတွင် ဖြန့်ကြက်ရန် ဂျပန်က စီစဉ်နေမှုကို ရုရှားက ကန့်ကွက်ကြောင်း သဘောထားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လက်ဘရော့နှင့် ဂျပန်နိုင်ငံခြားရေး ဝန်ကြီး တာရိုကိုနိုတို့ သောကြာနေ့တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားမှုမတိုင်မီ ကြာသပတေးနေ့တွင် ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာနက သဘောထားထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးဌာနက ပြောကြားသည်မှာ နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးတို့သည် ကိုရီးယားကျွန်းဆွယ်ပေါ်တွင်ဖြစ်ပွားနေသည့်အခြေအနေများနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်များ ဖလှယ်ကြမည်ဟု မျှော်လင့်ရသည်။ အာရှ-ပစိဖိတ်ဒေသအတွင်း လုံခြုံရေးနှင့် လက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားကြမည့် အစီအစဉ်သစ်များကိုလည်း ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုက အာရှ-ပစိဖိတ်ဒေသအတွင်း၌ ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မည့် အရေးနှင့်ပတ်သက်၍ မော်စကိုက ဂျပန်လုပ်ဖော်ကိုင်ဖက်များအား အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**အင်န်အိတ်ချ်ကေ**

---

# အီရန်နဲ့ လက်ဘနွန်ကို အသာစီးရအောင်လုပ်ခဲ့တဲ့ ဆော်ဒီရဲ့ ကြိုးပမ်းမှု

**ကလျာမိုးမြင့်**



အာရပ်လိဂ်အဖွဲ့က အစည်းအဝေးတွေ ပြုလုပ်ခဲ့တဲ့ တစ်လအတွင်းမှာ အရှေ့အလယ်ပိုင်းဒေသဟာ ချက်ချင်းဆိုသလိုပဲ ဒေသတွင်း ပဋိပက္ခတွေ ပိုမိုဖြစ်ပွားလာတော့မယ့် အသွင်ကို ဆောင်လာပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံက နိုဝင်ဘာ ၄ရက်မှာ ၎င်းရဲ့ မြို့တော် ရီယာ့ဒ်ကို ယီမင်ကနေ ဒုံးကျည်နဲ့ပစ်ခတ်လိုက်တဲ့ လုပ်ရပ်ဟာ အီရန်က ကူညီပံ့ပိုးလိုက်တာဖြစ်ပြီး စစ်ပွဲဖြစ်ပွားဖို့ ရန်စလာတဲ့ အပြုအမူလို့ စွပ်စွဲခဲ့ပါတယ်။

လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီက ဆော်ဒီအာရေဗျကို ခရီးစဉ်သွားရောက်နေတဲ့ အချိန်အတွင်းမှာ အီရန်နဲ့ ဟစ်ဇ်ဘိုလာတွေကို ဖိအားပိုပေးတဲ့အနေနဲ့ ဝန်ကြီးချုပ် ဆာအက်ဟာရီရီရဲ့ထင်မှတ်မထားတဲ့ နုတ်ထွက်မှုပေါ်ပေါက်လာအောင် ဆော်ဒီခေါင်းဆောင်တွေက တွန်းအားပေးခဲ့ကြတာ ဖြစ်တယ်လို့လည်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။

ဘယ်နေရာမှာပဲဖြစ်ဖြစ် အီရန်က ပါဝင်ပတ်သက်လိုက်ပြီဆိုတာနဲ့ အဲဒီနေရာဟာ ဗရမ်းဗတာဖြစ်လာပြီး ပျက်စီးကိန်းဆိုက်တော့တာပဲလို့ ဟာရီရီက နိုဝင်ဘာ ၄ ရက်မှာ ရေးသားခဲ့တဲ့ ၎င်းရဲ့ နုတ်ထွက်စာထဲမှာ ထည့်ရေးထားပါတယ်။ အဲဒီ နုတ်ထွက်စာကို ဆော်ဒီမြို့တော် ရီယာ့ဒ်ကနေ ကြေညာခဲ့တာပါ။ အဲဒီဒေသအတွင်းမှာရှိနေတဲ့ အီရန်ရဲ့ ပါဝင်ပတ်သက်နေမှုကို ဖြတ်တောက်ဖယ်ရှားပစ်ရမှာဖြစ်တယ်လို့ ဟာရီရီက ဆိုပါတယ်။

အီရန်ရဲ့ အပြုအမူဟာ ဆော်ဒီ တော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန် ဦးစီးဆောင်ရွက်နေတဲ့ ဆော်ဒီရဲ့ နိုင်ငံခြားရေးမူဝါဒသစ်ကို ရန်စသလိုဖြစ်နေပြီး အိမ်ရှေ့မင်းသားဟာ အီရန်ကို ဒီထက်ပိုပြီး တိုက်ရိုက်စိန်ခေါ်ချင်နေတာဖြစ်သလို ၎င်းရဲ့ ဖခင် ဘုရင်ဆယ်လ်မန်ရဲ့ အုပ်ချုပ်စိုးမိုးမှုအောက်မှာ ဩဇာအာဏာကြီးမားလာနေတဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဝန်ကြီးချုပ်ဟာရီရီကို ရာထူးကနေ နုတ်ထွက်ဖို့ အတင်းအကျပ် ဖိအားပေးပြီး ယီမင်ကိစ္စနဲ့ပတ်သက်လို့ အီရန်နဲ့တင်းမာမှုတွေ ပိုမို ဖြစ်ပွားလာစေတာက မင်းသားမိုဟာမက်နဲ့ ၎င်းရဲ့ အကြံပေးပုဂ္ဂိုလ်တွေအပေါ်မှာ တန်ပြန်ထိုးနှက်မှုတွေ ကျရောက်လာစေခဲ့ပါတယ်။

အီရန်နဲ့ ဟစ်ဇ်ဘိုလာတွေကို တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ဖို့ ပြုလုပ်ရာမှာ အာရပ်ခေါင်းဆောင်တွေရဲ့ ထောက်ခံအားပေးမှုကို မရရှိခြင်းက ဆော်ဒီရဲ့မဟာမိတ်အုပ်စုအနည်းအကျဉ်း လောက်ကသာ အီရန်နဲ့ထိပ်တိုက်တွေ့လိုတဲ့ ဆန္ဒရှိနေတယ်ဆိုတဲ့အချက်ကို ဖော်ပြခဲ့ပါတယ်။

လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီနဲ့ ဆော်ဒီရဲ့ ပတ်သက်မှုကိုကြည့်ရင် ဆော်ဒီအာရေဗျဟာ ဝန်ကြီးချုပ်ဟာရီရီနဲ့ လက်ဘနွန်မှာ ၎င်းရဲ့ လှုပ်ရှားမှုတွေကို ထောက်ခံဖို့ နိုင်ငံရေးဆိုင်ရာ အင်အားစိုက်ထုတ်မှုတွေ အများကြီးရင်းနှီးမြှုပ်နှံခဲ့ပြီး ဒေါ်လာငွေ သန်းပေါင်းများစွာ အကုန်ကျခံခဲ့ပါတယ်။ အထူးသဖြင့် ၂၀၀၅ ခုနှစ်မှာ ဟာရီရီရဲ့ဖခင် ရာဖစ်ခ်ကို လုပ်ကြံမှုအပြီးမှာ ဟာရီရီအတွက် ရင်းနှီးစိုက်ထုတ်မှုတွေလုပ်ခဲ့ပါတယ်။ ဖခင်ရာဖစ်ဟာ လက်ဘနွန်ရဲ့ ဝန်ကြီးချုပ်အဖြစ် ဆယ်စုနှစ်တစ်ခုကြာအောင် ထမ်းဆောင်ခဲ့ပြီး နိုင်ငံရဲ့အထင်ရှားဆုံး ဆွန်နီခေါင်းဆောင်တစ်ဦးဖြစ်လာရုံသာမက ဆော်ဒီအာရေဗျရဲ့အရေးပါဆုံး လက်ဘနွန်မဟာမိတ်လည်းဖြစ်လာခဲ့ပါတယ်။

ဆာအက်ဟာရီရီဟာ ၂၀၁၆ ခုနှစ် နှောင်းပိုင်းမှာ စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဟစ်ဇ်ဘိုလာတို့ပါဝင်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရ တစ်ရပ်ကို ဖွဲ့စည်းခဲ့ပါတယ်။ အာဏာခွဲဝေရေး သဘောတူညီမှုကို အီရန်နဲ့ ဆော်ဒီအာရေဗျက အတည်ပြုလက်ခံခဲ့ပါတယ်။ သို့သော်လည်း မကြာသေးမီလများအတွင်းမှာ ဆော်ဒီခေါင်းဆောင်တွေ စိုးရိမ်လာတာကတော့ အနောက်နိုင်ငံတွေ၊ ဆွန်နီအာရပ်ခေါင်းဆောင်တွေနဲ့ ခိုင်မာတဲ့ရင်းနှီးဆက်ဆံမှုရှိနေတဲ့ ဟာရီရီဟာ လက်ဘနွန်သမ္မတ Michel Aoun အပါအဝင် ဟစ်ဇ်ဘိုလာနဲ့၎င်းကို ထောက်ခံသူတွေက လွှမ်းမိုးထားတဲ့အစိုးရအဖွဲ့အတွက် အနှောင့်အယှက်တစ်ခု ဖြစ်လာပါတယ်။

ဆော်ဒီခေါင်းဆောင်တွေ တွေးထားတာက ၎င်းတို့အနေနဲ့ ဟာရီရီကိုဘေးကိုတွန်းထုတ်ပြီး ဟစ်ဇ်ဘိုလာတွေဆီက နိုင်ငံရေးအထောက်အပံ့တွေကို ရုပ်သိမ်းကာ အမေရိကန်ပြည်ထောင်စုနဲ့ အစ္စရေး အပါအဝင် ဆွန်နီအာရပ်နိုင်ငံတွေအတွက် ဟစ်ဇ်ဘိုလာအဖွဲ့ကို ပစ်မှတ်ထားကာ ပိုပြီး လွယ်ကူချောမွေ့လာစေဖို့ လုပ်နိုင်မယ်လို့ တွေးထားတာဖြစ်ပါတယ်။ ဒါပေမယ့် ဟာရီရီ ရုတ်တရက် ထွက်ခွာလိုက်တဲ့အခါ နိုင်ငံရေးဆိုင်ရာ ဂိုဏ်းဂဏအုပ်စုတွေအားလုံးမှာရှိကြတဲ့ လက်ဘနွန်နိုင်ငံသားတွေဟာ ဟာရီရီကို ဝန်းရံလာကြပြီး ၎င်းရဲ့နုတ်ထွက်မှုဟာ တရားမဝင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဆော်ဒီခေါင်းဆောင်တွေရဲ့ အတင်းအကျပ်စေခိုင်းမှုကြောင့် နုတ်ထွက်ခြင်းဖြစ်တယ်လို့ ခုခံပြောဆိုလာကြပါတယ်။

ဟာရီရီဟာ ဆော်ဒီရဲ့ဖောက်သည်ဖြစ်တဲ့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ရဲ့အကျဉ်းသားသဖွယ် ချုပ်ကိုင်ထားမှုကို ခံရတယ်ဆိုပြီး နိုင်ငံတကာရဲ့စိုးရိမ်ပူပန်မှုကလည်း ကြီးထွားလာခဲ့ပါတယ်။ ပြင်သစ်သမ္မတက ဟာရီရီကို ပါရီသို့ အလည်အပတ်လာရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။နိုဝင်ဘာ ၁၈ ရက်မှာ ဟာရီရီက မက်ခရွန်နဲ့တွေ့ဆုံခဲ့ပြီး နိုဝင်ဘာ ၂၂ ရက်မှာ ကျရောက်တဲ့ လက်ဘနွန်ရဲ့လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်ဖို့ လက်ဘနွန်ကို ပြန်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းမှာ တင်းမာမှုတွေဟာ လျော့ကျလာခဲ့ပြီး နောက်ဆုံးဖြစ်ပွားနေတဲ့ ပဋိပက္ခအခြေအနေတွေဟာ ဆော်ဒီအာရေဗျနဲ့ အီရန်တို့ စစ်ရေးအရ ထိပ်တိုက်တွေ့ရဖွယ် အနေအထားမျိုးမရှိတော့ပါဘူး။သို့သော်လည်း ယုဉ်ပြိုင်ဘက် ဒေသတွင်းနှစ်နိုင်ငံအတွင်းမှာ တိုက်ရိုက်ထိတွေ့မှုဖြစ်ပွားမယ့်အလားအလာတွေ လျော့နည်းသွားတယ်လို့ဆိုရပေမယ့် နှစ်နိုင်ငံဆက်လက်ဖြစ်ပွားနေတဲ့ ကိုယ်စားပြု စစ်ပွဲတွေကတော့ အရှေ့အလယ်ပိုင်းဒေသကို မတည်မငြိမ်ဖြစ်အောင် ခြိမ်းခြောက်နေဆဲဖြစ်ပါတယ်။

၂၀၀၃ ခုနှစ်မှာ အီရတ်ကို အမေရိကန်ပြည်ထောင်စု ကျူးကျော်လာကတည်းက စပြီး အီရတ်၊ ဆီးရီးယား၊ ယီမင်နဲ့လက်ဘနွန်တို့မှာရှိတဲ့ ဂိုဏ်းအုပ်စုတွေကို ဆော်ဒီနဲ့ အီရန်အင်အားကြီးနိုင်ငံနှစ်ခုလုံးက ကျောထောက်နောက်ခံပေးထားပါတယ်။ သမိုင်းမှာဖြစ်ပွားခဲ့တဲ့ ဆွန်နီနဲ့ ရှီးယိုက် ဆိုပြီး ပြိုကွဲမှုဟာ ပဋိပက္ခတွေဖြစ်ပွားရခြင်းရဲ့ အရင်းခံအကြောင်းတရား တစ်စိတ်တစ်ပိုင်း ဖြစ်နေပါတယ်။ ရှီးယိုက်အစ္စလာမ်ဘာသာဝင်တွေ ဦးဆောင်တဲ့ အီရန်နဲ့ ဆွန်နီတွေ ကြီးစိုးတဲ့ ဆော်ဒီအာရေဗျ နှစ်နိုင်ငံတို့ရဲ့ဒေသတွင်း နိုင်ငံရေးဆိုင်ရာ လွှမ်းမိုးရေးအားထုတ်မှုဟာ အဓိကပြဿနာလို့ ဆိုနိုင်ပါတယ်။

နှစ်နိုင်ငံကိုယ်စားပြု စစ်ပွဲတွေ ယခုဆိုရင် ရုရှားနဲ့ အမေရိကန်ပြည်ထောင်စုလိုမျိုး တခြားအင်အားကြီးနိုင်ငံတွေကပါ ပါဝင်ပတ်သက်လာနေတဲ့ စစ်ပွဲတွေဟာ ပြီးခဲ့တဲ့နှစ် အနည်းငယ်အတွင်း အရှေ့အလယ်ပိုင်းဒေသအတွင်းမှာ သေကျေပျက်စီးရမှုတွေနဲ့ ပြိုလဲပျက်စီးမှုတွေ အများစုဖြစ်ပွားရတာတွေရဲ့အခြေခံအကြောင်းတရားဖြစ်ပါတယ်။အထူးသဖြင့် ဆီးရီးယားမှာဆိုရင် လူ့အသက်ပေါင်း ရာထောင်ချီဆုံးရှုံးခဲ့ရပါပြီ။

အထူးသဖြင့် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ပုန်ကန်ထကြွခဲ့တဲ့ ၂၀၁၁ ခုနှစ် မတ်လက စတင်ကာ လူလေးသိန်းလောက်ဟာ အသတ်ခံခဲ့ရပြီး ဖြစ်ပါတယ်။ ဆီးရီးယား စစ်ပွဲကနေ မွေးထုတ်လိုက်တာကတော့ ဒုက္ခသည် ငါးသန်းကျော်ပါ။ နယ်မြေခိုလှုံရာ ရှာဖွေမှုတွေက ဥရောပနဲ့ အိမ်နီးချင်းနိုင်ငံတွေကို နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းတွေ ဖြစ်လာစေခဲ့ပါတယ်။


ဆော်ဒီအာရေဗျနိုင်ငံရဲ့ ဘုရင်မင်းမြတ် အဗ္ဗဒူလာဟာ နှစ်ပေါင်း ၂၀ ကြာအောင် အာဏာကိုင်စွဲအုပ်ချုပ်ခဲ့ပြီးနောက် ၂၀၁၅ခုနှစ် ဇန်နဝါရီလမှာ ကံကုန်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ညီဖြစ်သူ ဆယ်လ်မန် နန်းတက်ခဲ့ပြီး တင်းမာတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့ပါတယ်။


ယခင်ဘုရင်က လုပ်ဆောင်ခဲ့သလိုမျိုး အမေရိကန်စစ်ဘက်ဆိုင်ရာတွေက ကြားဝင်စွက်ဖက်ပြီး အီရန်ကို စစ်ပြုတာကို မှီခိုအားထားရမယ့်အစား ဘုရင်သစ်ဟာ ၂၀၁၅ ခုနှစ် မတ်လမှာ ယီမင်မှာရှိတဲ့ ရှီးယိုက်သူပုန်အများစုဖြစ်တဲ့ ဟူသီတွေကို စစ်ပွဲဆင်နွှဲခဲ့ပါတယ်။ စစ်ပွဲစတင်လိုက်ကတည်းက ဆော်ဒီနဲ့ မဟာမိတ်တွေရဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အရပ်သား ပြည်သူအရေအတွက်ဟာ ခန့်မှန်းခြေ ၁၀၀၀၀ ခန့်ရှိခဲ့ပြီ ဖြစ်ပါတယ်။


**ရိုက်တာ**

> “ လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီနဲ့ ဆော်ဒီရဲ့ ပတ်သက်မှုကိုကြည့်ရင် ဆော်ဒီအာရေဗျဟာ ဝန်ကြီးချုပ်ဟာရီရီနဲ့ လက်ဘနွန်မှာ ၎င်းရဲ့ လှုပ်ရှားမှုတွေကို ထောက်ခံဖို့ နိုင်ငံရေးဆိုင်ရာ အင်အားစိုက်ထုတ်မှုတွေ အများကြီးရင်းနှီးမြှုပ်နှံခဲ့ပြီး ဒေါ်လာငွေ သန်းပေါင်းများစွာ အကုန်ကျခံခဲ့ပါတယ် ”
















# မြန်မာသဒ္ဒါသင်ကြားရေး (၃၀)

မောင်ခင်မင်(ဓနုဖြူ)

"နောက်ဝါစင်္ဂတစ်ခုကဘာလဲ"

"ဝိဘတ်ပါဆရာ"

"ဝိဘတ်ဖွင့်ပုံကို ဖတ်ပြပါဦး"

" 'နာမ်၊ နာမ်စားတို့၏ နောက်၌တည်၍ ၎င်းတို့သည် ကတ္တားဖြစ်သည်၊ ကံဖြစ်သည် စသည်တို့ကိုလည်းကောင်း၊ ကြိယာ၏နောက်၌တည်၍ ၎င်းကြိယာ၏ ကာလနှင့် အမျိုးအစားကိုလည်းကောင်း ဝေဖန်ပိုင်းခြားပြသော စကားလုံးကို ဝိဘတ်ဟုခေါ်သည်' တဲ့ ဆရာ"

"လိုရင်းပြောရရင်တော့ နာမ်တွေ၊ နာမ်စားတွေ၊ ကြိယာတွေရဲ့ နောက်က လိုက်ရတဲ့စကားလုံးတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒါကြောင့် ဝိဘတ်ကို နာမ်ဝိဘတ်နဲ့ ကြိယာဝိဘတ်ဆိုပြီး နှစ်မျိုးခွဲတာပေါ့၊ ကဲ နာမ်ဝိဘတ်တွေကို အရင်ကြည့်ရအောင်"

"ဆရာ အဲဒီစကားလုံးတွေကို ဝိဘတ်လို့ သုံးတာ ပါဠိမဆန်ဘူးလား"

"ဩော်... တခြားဝါစင်္ဂတွေ အားလုံးကို ပါဠိစကားလုံးတွေနဲ့ ခေါ်နေတာပဲဟာ၊ ဒီတစ်လုံးတည်းမှမဟုတ်တာ၊ ဝါစင်္ဂကိုးပါးမှာ 'နာမ်စား' ဆိုတဲ့ စကားတစ်လုံးပဲ ပါဠိကလာတဲ့ 'နာမ်'နဲ့ မြန်မာစကား 'စား'နဲ့တွဲသုံးတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တစ်ခုရှိတာက အခုဝိဘတ်လို့ခေါ်တဲ့ မြန်မာစကားလုံးနဲ့ ပါဠိဝိဘတ်နဲ့ သဘောချင်းတော့မတူဘူးနော်"

"ဘယ်လိုမတူတာပါလဲ ဆရာ"

"ပါဠိဝိဘတ်က နာမ်တွေ၊ ကြိယာတွေနဲ့ တစ်သားတည်း ပူးကပ်သွားပြီး အဲဒီနာမ်တွေ၊ ဝိဘတ်တွေရဲ့ရုပ်ပြောင်းသွားတယ် မဟုတ်လား၊ ဝိဘတ်သွယ်တယ်လို့ ခေါ်တယ်လေ၊ 'ပုတ္တ' ကို ဝိဘတ်သွယ်ရင် 'ပုတ္တော၊ ပုတ္တံ၊ ပုတ္တသ' ဆိုတာမျိုးတွေ ဖြစ်သွားတာ၊ အခုမြန်မာစကားမှာ ဝိဘတ်လို့ခေါ်တဲ့ စကားလုံးက နာမ်တွေ၊ ကြိယာတွေရဲ့ နောက်မှာ ကပ်ရုံကပ်ထားတာ၊ တစ်သားတည်း ဖြစ်မသွားဘူးလေ၊ 'သွား'ကို ဝိဘတ်ကပ်ရင်'သွားသည်၊ သွားကို၊ သွားမှာ၊ သွား၏၊ သွားနှင့်'ဆိုတာမျိုး နောက်ကလာတွဲတဲ့ သဘောပဲရှိတယ်၊ ကြိယာဆိုရင်လည်း 'စားသည်၊ စားမည်' ဆိုတာမျိုး နောက်က တွဲတယ်"

"ဆရာကြီး ဦးဖေမောင်တင်ကတော့ အဲဒီစကားလုံးတွေကို 'နောက်ဆက်' လို့ မြန်မာဆန်ဆန်သုံးတယ်မဟုတ်လား၊ နောက်က ဆက်ရလို့ နောက်ဆက်ပေါ့"

"ဟုတ်ကဲ့"

"ဆက်စပ်ပြောရရင် အဲဒီနောက်ဆက်ကို အင်္ဂလိပ်လို post position လို့ ခေါ်တယ်၊ အရင်တုန်းက preposition လို့ ခေါ်ကြတာလည်း ရှိတယ်၊ ဒါပေမယ့် အင်္ဂလိပ်စကားမှာ in, on, at ဆိုတဲ့ စကားလုံးတွေက နာမ်တွေရဲ့ရှေ့မှာနေတာမို့ pre position လို့ခေါ်တာလေ၊ pre ဆိုတာရှေ့ပေါ့၊ မြန်မာစကားမှာကျတော့ '၌၊ တွင်၊ သည်၊ နှင့်' ဆိုတာတွေက နာမ်တွေရဲ့နောက်မှာ နေတာမဟုတ်လား၊ ဒီတော့ post position လို့ ခေါ်ကြတာပေါ့၊ post ဆိုတာ နောက်လို့ အဓိပ္ပာယ်ရတယ်လေ"

"မှတ်ထားပါ့မယ် ဆရာ"

"နာမ်ဝိဘတ် (၁၇)မျိုးခွဲတာ ဆဋ္ဌမတန်း သဒ္ဒါမှာ စတွေ့ရတယ်၊ ဒီဝိဘတ်တွေက ကျောင်းသားတွေ သိတာများတယ်၊ သုံးလည်း သုံးနေတာပဲ၊ 'သည်၊ က၊ ကို၊ မှ၊ က၊ ၌၊ မှာ၊ တွင်၊ ဝယ်'စတဲ့ ဝိဘတ်တွေသုံးရတာမခက်ပါဘူး၊ 'တိုင်အောင်၊ ပတ်လုံး' ဆိုတဲ့ အသုံးသိပ်မများတဲ့ ဝိဘတ်မျိုးတွေတောင် ကျောင်းသားတွေအတွက် မခက်လှဘူးထင်တယ်၊ ဖတ်စာတွေထဲမှာ 'ထိုမြို့သို့ ၃ နာရီတိုင်အောင်လာရသည်'၊ '၅ ရက်ပတ်လုံး ထမင်းမစားနိုင်ပါ' ဆိုတဲ့ ဝါကျမျိုးတွေ တွေ့နေတာပဲ"

"ဟုတ်ကဲ့ပါ"

"တကယ်ခက်တာက အဲဒီဝိဘတ်အမျိုးအစားနာမည်တွေပဲ၊ ခြောက်တန်းကျောင်းသားကလေးတစ်ယောက်အနေနဲ့ ဒီနာမည်တွေ တန်းစီပြီး အလွတ်ကျက်ရင် ရသွားမှာပါ၊ သဘောပေါက်ဖို့တော့ မလွယ်လှဘူး"

"ဟုတ်ကဲ့ပါ၊ ဒါဆိုရင် အဲဒီနာမည်တွေ၊ အလွတ်ရဖို့ထက် ဝိဘတ်တွေကို မှန်မှန်ကန်ကန် သုံးတတ်ဖို့လိုမှာပေါ့နော်"

"ဟုတ်တယ်၊ အခုဖြစ်နေတဲ့ 'မှ' နဲ့ 'က' မှားသုံးတဲ့ ပြဿနာ၊ 'ကို' နဲ့ 'အား' မှားသုံးတဲ့ ပြဿနာတွေ အပါအဝင်ပေါ့၊ ဝိဘတ်တွေကို သူ့နေရာနဲ့သူ မှန်မှန်ကန်ကန် သုံးတတ်အောင် လက်တွေ့လေ့ကျင့်ပေးဖို့ လိုတာပေါ့ကွယ်"

"နားလည်ပါပြီ ဆရာ"

"နာမ်ဝိဘတ်အကြောင်း ဒီလောက်နဲ့ ရပ်ပြီး ကြိယာဝိဘတ်အကြောင်း ဆက်ရအောင်၊ ကြိယာဝိဘတ်မှာလည်း ကာလပြဝိဘတ်နဲ့ အမျိုးအစားပြဝိဘတ် ဆိုပြီး နှစ်မျိုးရှိတယ်မဟုတ်လား၊ ကာလပြဝိဘတ်နဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ အချက်တစ်ချက်ရှိတယ်"

"ပြောပြပါ ဆရာ"

"ကဲ... ကာလပြဝိဘတ်ကို ပစ္စုပ္ပန်ကာလပြ၊ အတိတ်ကာလပြ၊ အနာဂတ်ကာလပြဆိုပြီး ထပ်ခွဲတယ်နော်"

"ဟုတ်ပါတယ် ဆရာ"

"ပစ္စုပ္ပန်ကာလပြကြိယာဝိဘတ်တွေက ဘာတွေပါလိမ့်"

" 'သည်၊ ၏၊ ပြီ' ပြပါတယ် ဆရာ"

"အတိတ်ကာလပြကြိယာဝိဘတ်တွေကရော"

" 'သည်၊ ၏၊ ပြီ' ပါပဲ ဆရာ"

"ဆရာပြောချင်တာက အဲဒီအချက်ကို ကျောင်းသားတွေ စွဲစွဲမြဲမြဲမှတ်မိအောင် သင်ပေးဖို့ အရေးကြီးတယ်နော်"

"သင်ပါတယ် ဆရာ"

"ဒီအတိုင်း စာထဲပါတာသင်ရုံနဲ့မပြီးဘူး၊ မြန်မာစကားမှာ ပစ္စုပ္ပန်ကာလဆိုတဲ့ အခုလက်ရှိကာလကို ပြတဲ့ဝိဘတ်တွေနဲ့ အတိတ်ကာလဆိုတဲ့ ပြီးခဲ့တဲ့ကာလကိုပြတဲ့ ဝိဘတ်တွေဟာ အတူတူပဲဆိုတဲ့အချက်ကို သိအောင်သင်ဖို့လိုတယ်"

"ဟုတ်ကဲ့ပါ"

"ဘာဖြစ်လို့ ဒီလိုပြောရတာလဲဆိုရင် လူတော်တော်များများက အတိတ်ကာလ အကြောင်းရေးရင် သွားခဲ့သည်၊ ရှိခဲ့သည် ဆိုတာမျိုး 'ခဲ့' ထည့်သုံးမှ မှန်တယ်လို့ ယူဆပြီး 'ခဲ့' တွေ ထည့်သုံးတတ်ကြလို့ပဲ"

"ဒါဆိုရင် အတိတ်ကာလကို 'ခဲ့' မထည့်ရဘူးပေါ့နော်"

"ဩော်... ညည်းတို့တောင် ဇဝေဇဝါဖြစ်နေပြီလား၊ အတိတ်ကာလကို 'ခဲ့' ထည့်သုံးတာက အင်္ဂလိပ်စာသင်တဲ့အခါ past tense ကို ခဲ့ ထည့်ပြီး ဘာသာပြန်လေ့ရှိကြတယ်၊ present tense နဲ့ ကွဲပြားအောင် ထည့်တာထင်တယ်၊ come လာသည်၊ came လာခဲ့သည် ဆိုတာမျိုးပေါ့၊ အဲဒီတော့ အရင်က အကြောင်းကို ရေးရင် 'ရှေးအခါက ရွာတစ်ရွာတွင် လင်မယားနှစ်ယောက်ရှိခဲ့ကြသည်၊ ယောကျာ်းဖြစ်သူသည် ငါးဖမ်း၍ အသက်မွေးခဲ့သည်' ဆိုတဲ့ ရေးပုံမျိုးတွေရေးတတ်ကြတယ်"

"ဟုတ်ကဲ့"

"တကယ်တော့ အင်္ဂလိပ်စကားမှာ past tense ကို -ed ထည့်ရေးရပေမယ့် မြန်မာစကားမှာ အတိတ်ကာလကို 'ခဲ့' ထည့်စရာမလိုဘူး၊ အတိတ်ကာလကို ပြချင်ရင် ကြိယာနဲ့ပဲ တခြားပုဒ်တစ်ခုခုနဲ့ ပြတဲ့ စနစ်သုံးတယ်၊ 'မနေ့က ကျွန်တော် ရန်ကုန်သို့ ပြန်ရောက်သည်' လို့ ရေးရင် အတိတ်ကာလဖြစ်ကြောင်း၊ 'မနေ့က' ဆိုတဲ့ စကားက ဖော်ပြနေတယ်မဟုတ်လား၊ 'ပြန်ရောက်ခဲ့သည်' လို့ သုံးစရာ မလိုဘူးလေ"

"ဟုတ်ကဲ့ပါ"

"ဆရာတစ်ခါပြောပြီးပြီထင်တယ်၊ အဲဒီလိုပြောလို့ ကြိယာနောက်မှာ 'ခဲ့' ထည့်မသုံးရဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော်၊ အတိတ်ကာလကို ဖော်ပြတဲ့အခါ ကြိယာနောက်မှာ ခဲ့ ထည့်တဲ့ စနစ်မရှိဘူးလို့ ဆိုလိုတာ၊ 'ခဲ့'ကတော့ ကြိယာထောက် အနေနဲ့ သုံးတာတွေအများကြီးပေါ့၊ 'လာခဲ့'၊ 'ဒီမှာနေခဲ့မယ်'၊ 'လိုက်လာခဲ့မယ်'၊ 'တစ်ချိန်က ဒီနေရာမှာ သစ်ပင်အကြီးကြီးရှိခဲ့တယ်' ဆိုတဲ့ အသုံးမျိုးတွေ ရှိပါတယ်"

"နားလည်ပါပြီ ဆရာ"

"အနာဂတ်ကာလပြတဲ့ ကြိယာဝိဘတ်ကတော့ ပြဿနာမရှိဘူး၊ 'မည်၊ လိမ့်မည်၊ အံ့၊ လတ္တံ့' လို့ သဒ္ဒါစာအုပ်မှာ ပြထားတာပဲ"

"ဒီနေရာမှာ အရေးကြီးတာတစ်ခုက ဝိဘတ်တွေကို ဖော်ပြရာမှာ အပြောစကားမှာ သုံးတဲ့ ဝိဘတ်တွေကိုလည်း ဖော်ပြဖို့လိုတယ်ဆိုတဲ့အချက်ပဲ၊ တကယ်တော့ သဒ္ဒါသင်တယ်ဆိုတာက မြန်မာစကားကို မှန်မှန်ကန်ကန်သုံးတတ်ဖို့ သင်တာမဟုတ်လား၊ မှန်မှန်ကန်ကန် သုံးတတ်ဖို့ဆိုရာမှာ မှန်မှန်ကန်ကန် ရေးတတ်ဖို့ရော၊ ပြောတတ်ဖို့ရော ပါတယ်လေ"

"ဟုတ်ကဲ့ပါ"

"အပြောစကားမှာသုံးတဲ့ ဝိဘတ်တွေကို သင်မထားရင် ကျောင်းသားက ဝိဘတ်မှားပြီး ပြောမိတာမျိုးတွေ ပေါ်လာနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ... နာမ်ဝိဘတ်တွေကို ပြန်ကြည့်ပါဦး၊ ကတ္တားဝိဘတ် 'သည်၊ က၊ မှာ' ဆိုတဲ့ သုံးလုံးမှာ 'သည်' က စာသုံး၊ အပြောမှာ သုံးလို့မရဘူး၊ 'က' နဲ့ 'မှာ' က စာမှာရော အပြောမှာရော သုံးလို့ရတယ်"

"ဆရာ ကံဝိဘတ် 'ကို' ကလည်း စာရော၊ အပြောရော သုံးလို့ရတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ ဒါကနမူနာ ပြတာပါ၊ ရှေးရှုရာပြဝိဘတ်ကို 'သို့' တစ်လုံးတည်း ပြထားတယ်၊ 'ကျောင်းသို့ သွားသည်' ဆိုတာမျိုးပေါ့၊ ကဲ အပြောသုံးဆိုရင် ဘယ်လိုပြောမလဲ"

"ကျောင်းကိုသွားတယ်လို့ ပြောပါ့မယ် ဆရာ"

"ဒီလိုဆိုရင် 'ကို' ဟာလည်း ရှေးရှုရာပြဝိဘတ်ပဲပေါ့"

"ဟုတ်ကဲ့ပါ"

"ပိုင်ဆိုင်မှုပြဝိဘတ်ကိုလည်း '၏' ပဲပြထားတယ်၊ အပြောသုံးဆိုရင် 'ရဲ့' ပေါ့၊ ဒါကိုပြသင့်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ကြိယာဝိဘတ်တွေမှာလည်း 'သည်၊ ၏၊ ပြီ၊ မည်' ဆိုတဲ့ စာသုံးဝိဘတ်တွေပြသလို 'တယ်၊ ပီ၊ မယ်' ဆိုတဲ့ အပြောသုံး ဝိဘတ်တွေလည်း ပြမှ ပြည့်စုံမှာပေါ့၊ မြန်မာသဒ္ဒါစာအုပ်တွေမှာ အပြောသုံးတွေကို တချို့နေရာမှာပြပြီး တချို့နေရာမှာကျတော့ မပြဘူး၊ စာသုံးရော၊ အပြောသုံးပါ ပြည့်ပြည့်စုံစုံပြမှ ပုံပေါ်မှာပေါ့ကွယ်၊ ကဲ...။ ။

**"ဒီနေရာမှာ အရေးကြီးတာတစ်ခုက ဝိဘတ်တွေကို ဖော်ပြရာမှာ အပြောစကားမှာ သုံးတဲ့ ဝိဘတ်တွေကိုလည်း ဖော်ပြဖို့လိုတယ်ဆိုတဲ့အချက်ပဲ၊ တကယ်တော့ သဒ္ဒါသင်တယ်ဆိုတာက မြန်မာစကားကို မှန်မှန်ကန်ကန်သုံးတတ်ဖို့ သင်တာမဟုတ်လား၊ မှန်မှန်ကန်ကန် သုံးတတ်ဖို့ဆိုရာမှာ မှန်မှန်ကန်ကန် ရေးတတ်ဖို့ရော၊ ပြောတတ်ဖို့ရော ပါတယ်လေ"**

# လူ့အသက်ကို ရန်ရှာတဲ့ ကပ်ပါးပိုးများ

ကလျာမိုးမြင့်

ပြီးခဲ့တဲ့ရက်များအတွင်းက မြောက်ကိုရီးယား တပ်ဖွဲ့ဝင်တစ်ဦးဟာ နယ်စပ်ကို ဖြတ်ကျော်ကာ တောင်ကိုရီးယားသို့ ထွက်ပြေး ရောက်ရှိလာခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာတွေ ရရှိထားလို့ ဆေးရုံမှာ ကုသမှုခံယူခဲ့ရပါတယ်။ ၎င်းကို ကုသနေတဲ့ ဆရာဝန်တွေက ၎င်းရဲ့ ကိုယ်ထဲက အူအတွင်းမှာ ရှိနေတဲ့ ကပ်ပါးပိုး ပမာဏဟာ မကြုံစဖူးလောက်အောင် တော်တော်လေး ကြီးမားများပြားတဲ့ ပမာဏရှိနေတာကို တွေ့ရတယ်လို့ ပြောကြားခဲ့ပါတယ်။

စစ်မဲ့ဇုန်ကို ဖြတ်ကျော် ထွက်ပြေးလာချိန်မှာ မြောက်ကိုရီးယားနယ်စပ်က အစောင့်တပ်ဖွဲ့ဝင်တွေရဲ့ပစ်ခတ်မှုကြောင့် ဒဏ်ရာတွေ ရရှိထားတယ်လို့ သိရပါတယ်။ ဆရာဝန်တွေရဲ့ ပြောဆိုချက်အရ လူနာဟာ တည်ငြိမ်သွားပြီ။ ဒါပေမယ့် ခန္ဓာကိုယ်ထဲမှာ အလွန်ကြီးမား များပြားတဲ့ သန်ကောင်တွေ၊ တုပ်ကောင်တွေ ရှိနေတယ်။ ဒါကြောင့် ထိခိုက်ဒဏ်ရာတွေကို ရောဂါပိုးဝင်ရောက်ပြီး အခြေအနေ ပိုဆိုးသွားခဲ့တာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဆေးပညာရှင် တစ်ဦးအနေနဲ့ လုပ်ကိုင်လာတဲ့ အနှစ် ၂၀ ကာလအတွင်းမှာ ဒီလောက်များပြားတဲ့ သန်ကောင်တွေ ရှိနေတာကို တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ လူနာရဲ့ အူထဲကနေ ဖယ်ထုတ်လိုက်တဲ့ အရှည်ဆုံး သန်ကောင်တစ်ကောင်ဆိုရင် ၂၇ စင်တီမီတာ (၁၁ လက်မ) လောက်ရှိတယ်လို့ တောင်ကိုရီးယားမှ ဒေါက်တာ လီကွတ်ခ်ဂျွန်က ပြောပါတယ်။

**ကပ်ပါးပိုးတွေ ခန္ဓာကိုယ်ထဲ ဘယ်လို ဝင်ရောက်လာနိုင်သလဲ**

မသန့်ရှင်းတဲ့ အစားအသောက်တွေကို လူတွေစားသုံးမိရင် ကပ်ပါးပိုးမွှားတွေ အစားအသောက်ကတစ်ဆင့် ပါလာနိုင်သလို အရေပြားကနေတစ်ဆင့်လည်း ဝင်ရောက်လာနိုင်ပါတယ်။ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်ရဲ့ ခန္ဓာကိုယ်ထဲမှာ ကပ်ပါးပိုး (သန်ကောင်) တွေ ရှိနေရခြင်းဟာ ပထမအချက်ကြောင့် ဖြစ်ဖို့များပါတယ်။

သန့်ရှင်းမှုမရှိတဲ့ အစားအသောက်တွေကနေ ဝင်ရောက်လာတဲ့ ကပ်ပါးပိုးတွေဟာ အများအားဖြင့် သန်ကောင်တွေအဖြစ် လူ့ကိုယ်ထဲ ဝင်ရောက်လာကြပါတယ်။ လူတွေရဲ့ အညစ်အကြေးကို ဓာတ်မြေသြဇာအဖြစ် အသုံးပြုမယ်ဆိုရင် အဲဒီဓာတ်မြေသြဇာ ဖျန်းထားတဲ့ အသီးအရွက်တွေကို မချက်ပြုတ်ဘဲ စားရင် သန်ကောင်တွေဟာ ပါးစပ်ကနေတစ်ဆင့် လူရဲ့ အူထဲကို ရောက်ရှိကုန်ပါတော့တယ်။

လူ့ခန္ဓာကိုယ်ထဲကို ကပ်ပါးပိုးတွေ ဝင်ရောက်လာရင် တချို့မှာ ပြင်းထန်တဲ့ လက္ခဏာတွေ မပြတတ်ပေမယ့် တချို့ကိစ္စတွေမှာ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာနိုင်တဲ့အထိ ဖြစ်လာနိုင်ပါတယ်လို့ စင်ကာပူမှာရှိတဲ့ ဇီဝသိပ္ပံကျောင်းမှ ပါမောက္ခ ပီတာပရီဆာက ရှင်းပြခဲ့ပါတယ်။ လူတစ်ယောက်ဟာ သန်ကောင်တွေ ရှိနေပြီဆိုရင် မကျန်းမာတော့ဘူး။ သန်ကောင်တွေဟာ ခန္ဓာကိုယ်ထဲ ရောက်ပြီဆိုတာနဲ့ သင့်ခန္ဓာကိုယ်မှာ ရှိသမျှ အာဟာရတွေအားလုံးကို စုပ်ယူသွားလို့ပဲဖြစ်တယ်။ ဒါတွေဟာ ကျန်းမာရေးစနစ် ယိုယွင်းမှုတွေကို ဖော်ပြနေတာပါပဲလို့ ပါမောက္ခ ပီတာက ဘီဘီစီသို့ ပြောကြားခဲ့ပါတယ်။

ဘီဘီစီ



အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လုသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# ကလေးအလုပ်သမားပပျောက်ရေး အားလုံးစုပေါင်းအဖြေရှာပေး

## ခင်ရတနာ

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း လိုအပ်ချက်များစွာ ရှိနေသေးသည်။ ကလေးလုပ်သားများသည် နိုင်ငံအတွင်းရှိ ကျေးလက်ဒေသအများစုနှင့် မြို့ပြအခြေခံလူတန်းစားများအတွင်း တည်ရှိနေကြပြီး ယင်းတို့ကို ပပျောက်ရေးအတွက်ကိုလည်းကောင်း၊ ယင်းတို့၏ အလုပ်သမားကလေးလုပ်သားအခွင့်အရေး အပြည့်အဝရရှိရန်အတွက်ကိုလည်းကောင်း ကြိုးစားဖော်ဆောင်နေရဆဲကာလတစ်ခုဖြစ်သည်။

အစိုးရနှင့် ပြည်တွင်းပြည်ပ အလုပ်သမားအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများက ကလေးလုပ်သားများအား နိုင်ငံတကာအခွင့်အရေးပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ပေးနေကြသည့်အတွက် ယခုနောက်ပိုင်းတွင် လုပ်ငန်းခွင်များအတွင်း ကလေးလုပ်သားများအတွက် အခွင့်အရေးအချို့ဖြစ်သည့် ပညာသင်ယူခွင့်နှင့် ဆေးကုသခွင့်စသည့် အခွင့်အရေးများပေးအပ်ရမည့်အကြောင်းကို အလုပ်ရှင်များဘက်မှ သတိပြုမိလာကြသည်ကို တွေ့ရပြီး အခွင့်အရေးများပိုမိုရရှိလာသည်ကိုလည်း မြင်တွေ့ရသည်။ ထို့ပြင် ကလေးလုပ်သားများအား မတရားနှိပ်စက်ညှဉ်းပန်းမှု၊ အဓမ္မခိုင်းစေမှုတို့ကိုလည်း ဝိုင်းဝန်းအဖြေရှာဖော်ထုတ်နေကြပြီလည်း ဖြစ်သည်။

အလုပ်လုပ်ကိုင်နိုင်သည့် အပိုင်းအခြားကို နိုင်ငံအလိုက်က မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးစသည့် အခြေခံလိုအပ်ချက်များအပေါ် မူတည်ကာသတ်မှတ်ထားတတ်ကြသည်။ အိုင်အယ်လ်အိုမှ အငယ်ဆုံးဖြစ်ရမည့် လုပ်သား၏ အသက်အရွယ်ကို ၁၃နှစ်ဟု သတ်မှတ်ထားသည်။ ၂၀၁၅ခုနှစ် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းတွင် လုပ်သားတစ်ဦးကို အသက် ၁၅နှစ် အထက်ဟူ၍ သတ်မှတ်ထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ကလေးဦးရေဟု သတ်မှတ်ထားသည့် အသက် ငါးနှစ်မှ ၁၇နှစ်ကြား လူဦးရေမှာ ၁၂ သန်းခန့်ရှိပြီး အလုပ်လုပ် နိုင်သည့် ကလေးတိုင်းသည် ကလေးလုပ်သားများမဟုတ်ကြောင်း၊ ကလေးလုပ်သားဦးရေသည် ကလေးစုစုပေါင်း၏ ကိုးရာခိုင်နှုန်းရှိကြောင်း ယင်းအတွင်းမှ ၅၄ ဒသမ ၈ ရာခိုင်နှုန်းသည် အန္တရာယ်ရှိသည့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြပြီး ကလေးလုပ်သားအသက်အုပ်စု ၁၅ နှစ်မှ ၁၇ ကြားမှာမူ သစ်တောများနှင့် လယ်ယာလုပ်ငန်း ကဏ္ဍများတွင် အများဆုံးလုပ်ကိုင်နေကြောင်း ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်**

အာဂျင်တီးနားနိုင်ငံ Buenos Aires မြို့တွင် နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ကလေးအလုပ်သမား ရေရှည်ပပျောက်ရေးဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာသို့ နိုင်ငံတော်သမ္မတရုံးမှ သဘောတူခွင့်ပြုချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သောမြန်မာကိုယ်စားလှယ် အဖွဲ့တက်ရောက်ခဲ့ခြင်းဖြင့်လည်း မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်အတူ ကလေးအလုပ်သ မားများ ပပျောက်ရေးဆိုင်ရာ သဘောထားများကို ဆွေးနွေးခွင့်၊ ညှိနှိုင်းခွင့်နှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို သိမြင်ခွင့်ရရှိခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိနိုင်ငံများ၏ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ မူဝါဒများနှင့် ကောင်းမွန်သော အလေ့အထများကို မျှဝေနိုင်ရန် ညီလာခံကို ၁၉၉၇ ခုနှစ်မှ စတင်ပြီး သုံးနှစ်လျှင် တစ်ကြိမ်ခန့် နော်ဝေနိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံတို့တွင် ကျင်းပခဲ့ပြီး စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ကလေးအလုပ်သမားဆိုင်ရာ ညီလာခံကို ၂၀၁၇ခုနှစ်တွင် အာဂျင်တီးနားအစိုးရနှင့် အိုင်အယ်လ်အိုတို့ ပူးပေါင်းကာ အာဂျင်တီးနားနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

Sustainable Development Goals (SDGs) ရည်မှန်းချက် ၈.၇ တိုက်တွန်းချက်ပါ ကလေးအလုပ်သမားပပျောက်ရေးအတွက် နိုင်ငံတကာအဆင့် ကတိကဝတ်ပြုမှုကို တိုးမြှင့်ရန်၊ တက်ရောက်လာသည့် နိုင်ငံ အချင်းချင်း ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အတွေ့အကြုံ၊ စိန်ခေါ်မှုနှင့် နည်းလမ်းကောင်းများ မျှဝေနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ယင်းညီလာခံကို တက်ရောက်ဆွေးနွေးခဲ့သူ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံ Buenos Aires မြို့တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ကလေးအလုပ်သမား ရေရှည်ပပျောက်ရေးဆိုင်ရာ စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာညီလာခံသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေမှ အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်သိင်္ဂီရဲထွန်းမှ အဖွဲ့ဝင်အဖြစ်လည်းကောင်းတက်ရောက်ခဲ့ခြင်းဖြစ်သည်။ ညီလာခံကို နိုဝင်ဘာ ၁၄ ရက် နံနက်တွင်စတင်ခဲ့ပြီး အစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အဖွဲ့လိုက်ဆွေးနွေးခြင်းများကို ပြုလုပ်ကြသည်။ Rule of Law, Education for all နှင့် Supply Chains



Panel သုံးခုအား တစ်ပြိုင်နက်ကျင်းပနေသည့်အနက် မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် အဖွဲ့သည် Supply Chains Panel တွင် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညီလာခံဒုတိယနေ့ဖြစ်သည့် နိုဝင်ဘာ ၁၅ရက်တွင်လည်း မြန်မာအဖွဲ့သည် အိုင်အယ်လ်အို၏ Fundamental Department Director နှင့်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှု ရေရှည်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ပြီး အိုင်အယ်လ်အို၏ ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder နှင့်တွေ့ဆုံခဲ့ပြီး နိုဝင်ဘာ ၉ ရက်က ကျင်းပပြီးစီးခဲ့သော (၃၃၁)ကြိမ်မြောက် အိုအိုအုပ်ချုပ်မှုအဖွဲ့အစည်းအဝေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ရှေ့ဆက်ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်း ဆွေးနွေးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ညီလာခံတတိယနေ့ နိုဝင်ဘာ ၁၆ ရက်တွင် Buenos Aires ကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ပြီး ယင်းအခမ်းအနားသို့ အာဂျင်တီးနားသမ္မတ တက်ရောက်ခဲ့ပြီး ကုလသမဂ္ဂနှင့် အဖွဲ့ဝင် ၁၉၃ နိုင်ငံမှ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အိုင်အယ်လ်အိုအဖွဲ့ဝင်နိုင်ငံများမှ အလုပ်သမားဝန်ကြီး ၅၀ တို့နှင့်အတူ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၀၀၀ ခန့် တက်ရောက်ခဲ့ကြခြင်းဖြင့် ကမ္ဘာလုံး၏ အရေးကိစ္စဖြစ်သော ကလေးအလုပ်သမားပပျောက်ရေးအတွက် ဝိုင်းဝန်းစုပေါင်း အဖြေရှာနိုင်ခဲ့ကြသည်။

ထို့နောက် အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စုပေါင်း အစည်းအဝေးများကို ကျင်းပခဲ့ပြီး ကလေးအလုပ်သမားများ အရေးကိစ္စများကို နိုင်ငံများမှ တာဝန်ရှိသူများက ဝင်ရောက်ဆွေးနွေးပေးခဲ့ကြသည်။ ထို့အပြင် ကလေး အလုပ်သမား ရေရှည်ပပျောက်ရေးနှင့်စပ်လျဉ်းပြီး အဖွဲ့ဝင်နိုင်ငံများမှ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ကလေးအလုပ်သမားရေရှည်ပပျောက်ရေး၊ အဓမ္မခိုင်းစေမှုပပျောက်ရေး၊ ခေတ်သစ်ကျွန်ပြုမှုနှင့် လူကုန်ကူးမှုများ အဆုံးသတ်ရေးနှင့် လူငယ်များအတွက် အရည်အသွေးပြည့်ဝသော အလုပ်အကိုင်ဖန်တီးနိုင်ရေးအတွက် မိမိတို့နိုင်ငံများတွင် ရှေ့ဆက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ကတိကဝတ်ကြေညာခြင်း( Pledges Announcement Session)တွင် ပါဝင် ကတိကဝတ်ပြုခဲ့ကြသည်ကိုလည်း သိရှိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညီလာခံသို့ တက်ရောက်ကာ နိုင်ငံတကာမှ အခြားအစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိမိတို့နိုင်ငံအတွင်း ကလေး အလုပ်သမားပပျောက်ရေးကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းပြီး ထိရောက်စွာ အကောင်အထည်ဖော်နေလျက် ရှိရာ စည်းနှောင်မှုမရှိစေရန် လေ့လာသူအနေဖြင့်သာ တက်ရောက်ခဲ့ပြီး Pledges Session တွင် ပါဝင်ခြင်းမပြုခဲ့ကြောင်း သိရသည်။

**ကလေးအလုပ်သမားပပျောက်ရေး မြန်မာအစိုးရ ဆောင်ရွက်နေ**

မြန်မာနိုင်ငံအနေဖြင့်မူ ကလေးအလုပ်သမားပပျောက်ရေးအတွက် ILO Convention-182 ကို လက်ခံကျင့်သုံးပြီး အချိန်ကာလတိုအတွင်း ကလေးအလုပ်သမား ပပျောက်ရေးကို အားသွန်ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရေးဆောင်ရွက်နေမှု၊ အလုပ်လုပ်နိုင်သည့် ကလေးများ၏ အနိမ့်ဆုံး အသက်ကို ပြင်ဆင်သက်မှတ်နိုင်ခဲ့မှုနှင့် ကလေးများအတွက် ဘေးအန္တရာယ်ရှိသော အလုပ် စာရင်းပြုစုနေမှု အခြေအနေများနှင့်မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းနိုင်မည့်အခြေအနေ ( ၂၀-၁၁-၂၀၁၇ ရက်တွင် အမိန့်ကြော်ငြာ စာထုတ်ပြန်ပြီး) တို့ကို အဆိုပါ ညီလာခံကြီးတွင် တင်ပြနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အဖွဲ့ဝင်နိုင်ငံများက ညီလာခံနောက်ဆုံးနေ့တွင် ကလေးအလုပ်သမားနှင့် အဓမ္မစေခိုင်းမှု ပပျောက်ရေး ကတိကဝတ်ပြုကြသည့် Buenos Aires ကြေညာစာတမ်း ထုတ်ပြန်မှုအခမ်းအနားတွင် ပါဝင်ခွင့်ရရှိခဲ့ခြင်းကြောင်း မိမိတို့ပြည်တွင်းတွင်လည်း ကလေးအလုပ်သမားများအတွက် ပိုမိုထိရောက်သည့် အကြံဉာဏ်များ၊ အကူအညီပေးမှုများနှင့် အစိုးရမှ ပြုလုပ်ပေးရမည့် ဆောင်ရွက်မှုများအတွက် အတွေ့အကြုံကောင်းများရရှိခဲ့သည်။ အဆိုပါ ကြေညာစာတမ်းအရ အဖွဲ့ဝင် နိုင်ငံများက ၂၀၂၀ ပြည့်နှစ်တွင် အဓမ္မစေခိုင်းမှု ပပျောက်ရေးနှင့် ၂၀၃၀ ပြည့်နှစ်တွင် အဓမ္မစေခိုင်းမှု ပပျောက်ရေး ဆောင်ရွက်ရမည့် အခြေအနေများကို ပိုမိုအတွင်းကျစွာ သိရှိလာရခြင်း၊ ညီလာခံအတွင်း Plenary အစည်းအဝေး ကိုးခုခန့် ကျင်းပပေးခဲ့ပြီး မိမိတို့နိုင်ငံနှင့် သက်ဆိုင်သည့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခွင့်ရရှိခြင်းကြောင့် ကလေး အလုပ်သမားများ အခွင့်အလမ်းနှင့် ဖော်ဆောင်ပေးရမည့်လုပ်ငန်းများ၊ ဆောင်ရန်ရှောင်ရန် အချက်အလက်များကိုလည်း သိရှိလာကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ထိုညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအတွင်း အစိုးရများ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ကြသဖြင့် နိုင်ငံအသီးသီးမှ ကလေးအလုပ်သမားပပျောက်ရေး ပူးပေါင်းဆောင်ရွက်နေမှုများကို ရှုထောင့်ပေါင်းစုံမှ ဆွေးနွေးခွင့် လေ့လာခွင့်ရရှိခဲ့ကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့ထံမှ သိရှိရသည်။ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများက ကလေးအလုပ်သမားအရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ အခက်အခဲများကို ကြားသိလေ့လာခွင့်ရရှိသဖြင့် မိမိနိုင်ငံနှင့် ကိုက်ညီမည့် နည်းလမ်းကောင်းများကို ပြန်လည်အသုံးချနိုင်မည် ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ပြည်တွင်းဆောင်ရွက်လျက်ရှိသည့် ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစဉ်များ၊ အဓမ္မစေခိုင်းမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၏ တိုးတက်မှု ဖြစ်စဉ်များကိုလည်း နိုင်ငံတကာနှင့် အိုင်အယ်လ်အိုမှ တာဝန်ရှိသူများထံ ချပြခွင့်ရရှိခဲ့ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သည့် ၂၀၂၅ခုနှစ်တွင် ကလေးအလုပ်သမား ပပျောက်ရေးဟူသည့် ရည်မှန်းချက်ကိုလည်း ပူးပေါင်းအကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ကြောင်း မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ပြောကြားသည်။

"ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေရဲ့ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာမူဝါဒတွေ၊ ကောင်းမွန်တဲ့ အလေ့အထတွေနဲ့ ကြားဝင်ဆောင်ရွက်တဲ့ပုံစံတွေ၊ မူဝါဒချမှတ်တာတွေ၊ နည်းပညာရပ်ဆိုင်ရာအကြောင်းတွေ ဆွေးနွေးတာကနေ သင်ခန်းစာတွေနဲ့ အတွေ့အကြုံကောင်းတွေ အပြန်အလှန် မျှဝေနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အိုင်အယ်လ်အိုနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ ကလေးအလုပ်သမားပပျောက်ရေး ဆောင်ရွက်မှုတွေကို အများကြီးအထောက်အကူဖြစ်ခဲ့တဲ့ ညီလာခံလည်းဖြစ်ပါတယ်"ဟု ခရီးစဉ်အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

**ကလေးအလုပ်သမားများနဲ့ လက်ရှိအခြေအနေ**

ကလေးငယ်များ၏ လစာရရှိမှုအခြေအနေကို လေ့လာကြည့်ရာ အလုပ်လုပ်ကိုင်နေသော ကလေးများ၏ ၆၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ နောက်ဆုံးလုပ်ခကို တစ်ရက်အတွက် ရရှိကြပြီး ရာခိုင်နှုန်းအားဖြင့် ယောကျ်ားလေးများသည် မိန်းကလေးများထက် ပိုမိုကာ လုပ်ခလစာရရှိသည်ကို မြင်တွေ့ရသည်။ မြို့ပြနေ ကလေးသူငယ်အလုပ်လုပ်ကိုင်သူများသည် လုပ်ခကို တစ်လ တစ်ကြိမ်ခန့်ရရှိမှု ပိုမိုများပြားပြီး ကျေးလက်နေ ကလေးများမှာမူ နေ့တွက်အလိုက်ရရှိကြသည်ကို လေ့လာတွေ့ရှိရသည်။ လအလိုက် လစာရရှိကြသူများထဲတွင် မိန်းကလေးများက ပိုမိုရရှိကြသည်။ အသက်အရွယ်အလိုက် လေ့လာရာတွင် အသက်အုပ်စုအားလုံးတွင် လုပ်ခကို နေ့အလိုက်ရရှိမှုသည် မြင့်မားပြီး ပျမ်းမျှ ကလေးအလုပ်သမား တစ်ဦးသည် တစ်နာရီလျှင် ၄၀၀ ကျပ် ရရှိပြီး သတ္တုနှင့် ကျောက်တူးဖော်ခြင်းလုပ်ငန်းများတွင် အမြင့်ဆုံး အနေဖြင့် တစ်နာရီလုပ်ခ ၆၀၀ကျပ် ရရှိကြကြောင်း စစ်တမ်းများအရ သိရှိရသည်။

**ကလေးသူငယ်အများစု အလုပ်လုပ်ရာနေရာများ**

အလုပ်လုပ်နေသော ကလေးသူငယ်များထဲမှ ၅၅ ဒသမ ၇ ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများနှင့် ပင်လယ်ပြင်၊ မြစ်ချောင်းများတွင် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်ကြောင်း၊ ကျေးလက်တွင် အလုပ်လုပ်ကြသည့် ကလေးသူငယ်များအားလုံး၏ ၆၆ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းခွင်အတွင်း ရောက်ရှိနေကြသည်ကို မြင်တွေ့ရသည်။အသက် ငါးနှစ်ကနေ ၁၇ နှစ်အတွင်း ကလေးတွေကို အခကြေးငွေပေးလို့ အလုပ်လုပ်ခိုင်းမယ်ဆိုရင် ကလေးလုပ်သား ဟုသတ်မှတ်နိုင်ပါသည်။ သို့သော် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးငယ်များကို ခိုင်းစေခြင်း၊ လုပ်ငန်းခွင်သို့ ဝင်နိုင်မည့် အငယ်ဆုံးအသက်ထက်ငယ်သောကလေးများကို အလုပ်လုပ်ခိုင်းခြင်းနှင့် အခကြေးငွေမပေးဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စများ လုပ်ကိုင်စေခြင်းကို ရှောင်ကြဉ်သင့်ကြောင်း သိရသည်။

အန္တရာယ်များသည့် အလုပ်များတွင် အများဆုံး လုပ်ကိုင်နေကြသူများမှာ အသက် ၁၅ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများဖြစ်ကြပြီး ၎င်းအသက်အုပ်စုအတွင်းရှိ ကလေးစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းမှာ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြသူများဖြစ်ကြောင်း ကလေးအလုပ်သမားစစ်တမ်းက ထုတ်ဖော်ထားသည်။အထူးသဖြင့် ကျောင်းလုံးဝတက်ရောက်ခြင်းမရှိသည့် ကလေးသူငယ်များအနက် ၁၀ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်နေသော ကလေးများဖြစ်ကြပြီး ယင်းအနက် ထက်ဝက်ခန့်မှာ အန္တရာယ်ရှိသော လုပ်ငန်းခွင်များ တွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ကျေးလက်ဒေသရှိကလေးများသည် မြို့ပြကလေးများထက် ပိုမိုကာ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်ကို ရင်ဆိုင်နေကြရသည်။

**အဓမ္မစေခိုင်းခြင်းများကြုံတွေ့ပါက သက်ဆိုင်ရာသို့ တိုင်ကြားသင့်**

ကလေးများအား ကုန်ပစ္စည်းအဖြစ် ရောင်းချခြင်း၊ တရားမဝင် လူကုန်ကူးခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ ကျေးကျွန်အဖြစ် စေခိုင်းခြင်း၊ စစ်မြေပြင်တွင် ကလေးများကို အသုံးပြုစေခိုင်းခြင်း၊ ပြည့်တန်ဆာလုပ်ငန်းတွင် စေခိုင်းခြင်း၊ မူးယစ်ဆေးရောင်းချဝယ်ယူသည့် လုပ်ငန်းများတွင် စေခိုင်းခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များ တွင် စေခိုင်းခြင်း၊ ကိုယ်ကျင့်တရားကို အန္တရာယ်ဖြစ်စေခြင်း စသည်တို့သည် ကလေးလုပ်သားများအတွက် ကာကွယ်ပေးသင့်သည့်အရာများဖြစ်ကြောင်း ကလေးအလုပ်သမားစစ်တမ်းတွင် ဖော်ပြထားသည်။

*စာမျက်နှာ ၂၀ သို့*

# “ ဟိုမိန်း လွမ်းချင်း ”

## မြင့်စိုး (နတလ)

နယ်စပ်ဒေသများနှင့်ပတ်သက်၍ ကျွန်တော်က မြို့တစ်မြို့၊ ရွာတစ်ရွာအကြောင်းကို စကားစလိုက်မိပြီဆိုကြပါစို့၊ ထိုမြို့ထိုရွာထိုဒေသအကြောင်းကို ထဲထဲဝင်ဝင်သိနေသူများ၊ အောက်မေ့ သတိရနေသူများ၊ တမ်းတမ်းတတပြောလာသူများ ပေါ်လာတတ်ကြသည်မှာ အနမတဂ္ဂပင်။ အထူးသဖြင့် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် တပ်မတော်သားများ ဖြစ်ကြပါသည်။ ဥပမာ-ကယားပြည်နယ်ထဲက နယ်ခြားမှတ်တိုင် BP(၁၃)၊ မဲ့စဲ၊ ရှမ်းရွာသစ်တို့အကြောင်း စကားစလိုက်သည်နှင့် မငြိမ်းချမ်းမီကာလ ကယားပြည်နယ်၏ ပုံရိပ်များက ပြန်၍ပေါ်လာတတ်ကြသည်ထင့်၊ သူတို့ဖြည့်စွက်ပြောပြသော အကြောင်းအရာတွေ အများကြီးသိခွင့်ရခဲ့သည်။ ပြောသမျှအားလုံးကတော့ အနိဋ္ဌာရုံများသာတည်း။ မိုင်းထိလူနာတွေ အကြောင်း၊ ရွာသစ်၊ စွပ်ပိုင်၊ ဟွေ့အော၊ ဟွေ့အွန်၊ ဟွေ့ပုံလောင်းဒေသမှာ ပိစပ်ရွက်ကလွဲ၍ စားစရာဘာမှမရှိဘဲ ပင်ပန်းဆင်းရဲခဲ့ကြရသည့်အကြောင်း၊ ရွာသစ်ရဲ့သင်္ကေတ ပိတ်ချင်းပင်တွေကို အမှတ်ရနေပါသည်ဆိုသည့်အကြောင်း၊ မယ်ပိုင်ချောင်းထဲမှာ ငါးတန်ကြီးတွေ မြင်နေပါလျက် ကယ်နဲ့ မိုင်းခွဲလျှင်တစ်ကောင်မှမရဘဲ ထူးထူးဆန်းဆန်း အဖြစ်အပျက်တွေနှင့် ကြုံရသည့်အကြောင်း စသည်...စသည်ဖြင့်။ ရွာသစ်ကို သတိရသလို ဘဲဥမကို လွမ်းမိသည်ဆိုသူတွေလည်း ခပ်များများပင်။ ဒါက ကယားပြည်နယ်ထဲက မြို့ရွာဒေသ တစ်ချို့။



နန့်တိန်းချောင်းနှင့် သံလွင်မြစ်တို့ပေါင်းဆုံရာ တာဆွတ်တိန်းကူးတို့ဆိပ်

သို့ကလိုပ်ပါပဲ ကရင်ပြည်နယ်ထဲက မဲသဝေါ၊ မော်ဖိုးကေ၊ မဲလ၊ စုကလိ၊ ဝေါလေဒေသများ အကြောင်း မြဝတီ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့မြို့နယ်ထဲက မြို့ရွာတွေအကြောင်း စကားစလိုက်သည်နှင့် သည်မြို့သည်ရွာသည်ဒေသတွေမှာ နှစ်ပေါင်းများစွာ လပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူ တို့၏ ရင်တွင်းစကားသံများက လျှံကျလာစမြဲဖြစ်သည်။ ယခင်ကတစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး အမြင်မတူတာတွေ၊ သဘောထားမညီတာတွေကြောင့် တိုက်ခိုက်နေကြရလင့်ကစား ယခုအခါ ကရင်ပြည်နယ်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းလျက်၊ တစ်ဦးနှင့်တစ်ဦး လက်ချင်းတွဲ လည်ပင်းဖက်လျက်၊ ရာသက်ပန် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်လျက်။ ထိုနည်းတူစွာ မော်ဖဒေသအကြောင်းကို ယနေ့ထိတဖွဖွ ပြောနေကြသူများ၊ များစွာရှိနေပါသေးသည်။ ဆားအလွန်ရှားသည့်ဒေသ၊ ဆပ်ပြာကအစ လူသုံးကုန်ပစ္စည်း အားလုံးဘာဆိုဘာမှ မရှိသည့်ဒေသ၊ ကျန်းမာရေးစောင့်ရှောက်မှု အလွန်ချို့တဲ့ခဲ့သည့်ဒေသ၊ မော်တော်ကားဆိုတာကို မမြင်ဖူး မစီးဖူးသည့် ရွာသူရွာသားတွေရှိ နေခဲ့ဖူးသောဒေသဟူ၍ ဝိသေသများနှင့် ထူးခြားမှုများကို ပြန်လည်၍ သတိတရ ပြောပြကြမည်မှာ အလွန်သေချာပါသည်။ ယခု တော့ မော်ဖဒေသထဲကမြို့တစ်မြို့ဖြစ်သည့် မက်မန်း မြို့လေးသည်ပင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ပါဝင်လျက် တည်ငြိမ်အေးချမ်းစွာ တည်ရှိနေပြီဖြစ်သည်။

မကြာသေးမီက ကျွန်တော် တတိယအကြိမ်မြောက် ပြန်လည်ရောက်ခဲ့ရသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဟိုမိန်းမြို့ကလေးနှင့် ပတ်သက်၍လည်း သတိရနေသူ တော်တော် များများ ရှိနေပါလိမ့်မည်။ ကျွန်တော် ပထမဆုံးရောက်ဖူးခဲ့သည်မှာ MTAအဖွဲ့ လက်နက်စွန့်ခဲ့သည့် ၁၉၉၆ခုနှစ်ဖြစ်ကြောင်း မကြာခဏပြောပြ ခဲ့ဖူးပါသည်။ ဒုတိယတစ်ခေါက်ကမူ နှစ်ပေါင်း ၁၈နှစ် ခန့်ကြာပြီးမှ ပြန်လည်ရောက်ခဲ့ရသည့် ၂၀၁၄ခုနှစ်ခရီးစဉ်ဖြစ်သည်။ ယခု ၂၀၁၇မှာ တတိယတစ်ကြိမ် ထပ်မံရောက်ခွင့်ကြုံခဲ့ရပြန်ပါသည်။ ဟိုမိန်းဒေသသို့သွားတိုင်း တာဆွတ်တိန်း ကူးတို့ဆိပ်ကို ဖြတ်ရသည်။ ကူးတို့ဖောင်ပေါ်မှနေ၍ သံလွင်မြစ်နှင့်နမ့်တိန်းချောင်းတို့ ဆုံချက်နေရာလေးကို ကြည့်ရှုခံစားခွင့်ရစမြဲဖြစ်သည်။ ထိုသောအခါ စိတ်အာရုံဝယ် ဖျတ်ခနဲအတွေးဝင်မိသည်မှာ နမ့်တိန်း ချောင်းနှင့် ကျွန်တော်၏ ရေစက်ဆုံမှုက သည်နေရာမှာတင်မဟုတ်ဘဲ ဟိုးဝေးကွာလွန်းလှသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများမှာလည်း ဆုံခဲ့ဖူးသည်ဆိုတာကိုပဲဖြစ်၏။ နမ့်တိန်းချောင်း ရေကို အကြိမ်ကြိမ် အခါခါ သောက်ခဲ့မိ၍များ မကြာမကြာရေစက်ဆုံနေသည်လားတော့ မပြော တတ်တော့ပေ။

နမ့်တိန်းချောင်းသည်လည်းကောင်း၊ မြစ်မင်းသံလွင်သည်လည်းကောင်း မြန်မာပြည် မြောက်ဖျားဆီမှနေ၍ ရှည်လျားစွာ ကွေ့ကောက်ဖြတ်ကျော် စီးဆင်းလာကြခြင်းဖြစ်သည်။ ထိုနည်းတူစွာ ဟိုမိန်းဒေသမှာ အကြောင်းကြောင်းတို့ဖြင့် လာရောက်ဆုံစည်းမိကြသော၊ MTA တပ်ဖွဲ့ဝင်များ၊ SSAတပ်ဖွဲ့ဝင်များ၊ SURA တပ်ဖွဲ့ဝင်များ၏ အတိတ်သမိုင်းကြောင်း အသီးသီးကလည်း ရှည်လျားထွေပြားလှပေသည်။ ဟိုမိန်း လိုနေရာမျိုးမှာ ကျွန်တော်တို့ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ရှိ ပရဟိတကျောင်း၌ လာရောက်နေထိုင်ကျောင်းတက် သွားခဲ့ဖူးသော ဟန်းသလော(ခ)လဝေ ထန်နှင့် ပြန်ဆုံသကဲ့သို့ ကျွန်တော်တပ်မတော်သားဘဝက တန့်ယန်း၊ နောင် လိုင်၊ လဲချား၊ မိုင်းကိုင်ဒေသများမှ ခင်မင်ခဲ့ဖူးသူအချို့ကိုလည်း ပြန်လည် ဆုံတွေ့ခဲ့ရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၂ ရက်နေ့က မိုင်းကိုင်ဒေသမှအပြန် ဟိုမိန်းဘက်သို့ ခရီးဆက်ခဲ့သည်။ နမ့်စန်မှာညအိပ်ပြီး နောက်တစ်နေ့ လင်းခေးမှတစ်ဆင့် မိုးနဲကိုဖြတ်၍ ဟိုမိန်းသို့သွားရောက်ခဲ့ခြင်းပင်။ လင်းခေးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် လင်းခေး၊ မိုင်းပန်၊ မိုးနဲ၊ မောက်မယ် ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော မိမိတို့နတလဝန်ထမ်းများနှင့် တွေ့ဆုံ၍သူတို့၏ ရုံးပိုင်းဆိုင်ရာ၊ ဝန်ထမ်းပိုင်းဆိုင်ရာ တင်ပြချက်များအား မေးမြန်းမှတ်သားခဲ့သည်။ အမှန်အတိုင်း ဝန်ခံရလျှင် ဟိုမိန်းလိုနေရာဒေသမျိုးကို တစ်နှစ်မှာတစ်ခေါက်ရောက်ဖို့ မလွယ်ပါချေ။ သွားရေး လာရေးခက်သလား မေးရလောက်အောင်လည်း မခက်လှပါ။ သို့တစေ မြန်မာ-ထိုင်း နယ်စပ် မြို့လေးဖြစ်နေသည့်အပြင် မည်သည့်မြို့ မည်သည့်လမ်းနှင့်မျှ ဖြတ်သွားဖြတ်လာမကြုံဘဲ သူ့ဆီကိုပဲ တည့်တည့်ကြီးသွားမှရောက်မည့် မြို့ကလေး ဖြစ်နေသောကြောင့်ပင်။ မိုးတွင်းမှာတော့ တာဆွတ်တိန်း-ဟိုမိန်းဘက်ခြမ်း အခြေအနေက လေးဘီးယက်ယာဉ်များနှင့်ပို၍ အဆင်ပြေပါမည်။ လင်းခေးမှ တာဆွတ်တိန်းကူးတို့ဆိပ်ကမ်းခြေအထိလမ်းကိုမူ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြုပြင်ဖောက်လုပ်ထားပြီးဖြစ်၏။

ဟိုမိန်းမြို့ကလေးကို ပြန်ရောက်သွားချိန်မှာ စိတ်ခံစားမှုက ကိုယ့်မြို့ကိုယ့်ရွာကို ပြန်ရောက်သွားလေသလားတောင် ထင်မှတ်မိသည်။ ၁၉၉၆ ခုနှစ်ကတည်းက ခင်မင်ရင်းနှီးခဲ့သော မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်တွေ့ဆုံခွင့်ရသကဲ့သို့ မြို့ကလေး၏အနေအထားကလည်း အများကြီးပြောင်းလဲမသွားသေးသောကြောင့် ဖြစ်သည်။ MTA အဖွဲ့ကြီး အကြွင်းမဲ့လက်နက်စွန့် ပြီးနောက် နေရာအသီးသီးခွဲ၍ အခြေပြုနေထိုင်ခဲ့ကြရာ အဆိုပါဟိုမိန်းမြို့တွင် ဦးမဟာကြာ ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ဆက်လက်နေထိုင်ခဲ့ကြသည်။ ယခုအခါ ဦးမဟာကြာ၏ သားဖြစ်သူ ခွန်တိုးအောင်က မြို့ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆက်လက်၍ ဦးစီးဦးဆောင် ပြုလျက်ရှိကြောင်း သိရသည်။ သူနှင့်အတူ ဟိုမိန်းမြို့ ဝိသုဒ္ဓိဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်ထံ ဆေးဝါးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပါသေးသည်။ နယ်မြေခံတပ်ရှိ ဒုတိယဗိုလ်မှူးကြီး အောင်ခိုင်မြတ် လည်းအတူလိုက်ပါလျက် ဟိုမိန်းမြို့ နောင်လုံကန်ကြီးနှင့် ယခင်က ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြပါသည်။ ယခုအခါ စက်များချွတ်ယွင်းနေပြီဖြစ်၍ ပြန်လည် ပြုပြင်တည်ဆောက်ရမည့် အနေအထားမျိုး တွေ့ရှိခဲ့ရသည်။

ဟိုမိန်းမြို့ကလေးသည် မြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃ အုပ်စု၊ ပတ်ဝန်းကျင်ကျေးရွာပေါင်း ၁၄ ရွာ၊ လူဦးရေမှာ မြို့ပေါ်တွင် ၃၅၀၀ ကျော်၊ ကျေးရွာများတွင် ၂၅၀၀ ကျော်၊ စုစုပေါင်း ၆၀၀၀ ခန့်ဖြင့် ဖွဲ့စည်းတည်ရှိနေဆဲ ဖြစ်သည်။ ဟိုမိန်းမြို့နယ်ခွဲအဆင့် သတ်မှတ်ခြင်းခံခဲ့ရပြီး ယခုအခါ ပြန်လည်ပြင်ဆင်ထားသောဖွဲ့စည်းပုံများအရ မြို့နယ်ခွဲ မဟုတ်တော့ဘဲ မြို့အဖြစ် ရပ်တည်နေဆဲဖြစ်သည်။ ထူးခြားမှုတစ်ခုမှာ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိပြီး ဝန်ထမ်းမြို့လေးသဖွယ် တည်ရှိနေခြင်းပင် ဖြစ်၏။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ နတလ၊ စည်ပင်၊ စိုက်ပျိုးရေး၊ ရုပ်/သံ၊ လယ်ယာမြေစီမံခန့်ခွဲရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအား၊ လဝက၊ ပြန်/ဆက်၊ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေး စသည်ဖြင့် ဝန်ထမ်းပေါင်း ၁၃၀ ကျော် ရှိနေသည်။ ထိုမြို့ကလေး၏ထုံးစံမှာ ဌာနဆိုင်ရာအကြီးအကဲ တစ်ဦးဦး ရောက်ရှိလာလျှင် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲပြုလုပ်တတ်သည်ဆို၏။ သို့သော် ကျွန်တော်တို့ရောက်သွားချိန်က တန်ဆောင်တိုင် ရုံးပိတ်ရက်ကြီးဖြစ်သလို ပြန်လည်ထွက်ခွာမှုကလည်း မနက်စောစောဖြစ်နေသဖြင့် သူတို့ကို ဒုက္ခပေးသလိုမျိုးဖြစ်မည်စိုး၍ မတွေ့ဆုံဖြစ်တော့ပါ။ ရောက်သည့်ညနေက ဌာနဆိုင်ရာဝန်ထမ်းများ ဝမ်းပန်းတသာလာရောက် နှုတ်ဆက်ကြသည်ကိုတော့ အမြဲတမ်းအမှတ်တရရှိနေမည် ဖြစ်ပါသည်။

ဟိုမိန်းမြို့ကိုရောက်တိုင်း မဖြစ်မနေ သွားရောက်နှုတ်ဆက်ရမည့်သူတစ်ဦးရှိနေပါသေးသည်။ သူ၏အမည်မှာ ဦးနော်မိန်းခွမ်း၊ တစ်ချိန်က ဦးခွန်ဆာ၊ ဦးကျန်ဆုရှင်တို့နှင့် လက်တွဲခဲ့သော ရှမ်းတိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည်။ အသက်အရွယ်လည်းကြီးလှပေပြီ။ သူ့ကို နှုတ်ဆက်ရင်း ကန်တော့ဖြစ်ခဲ့သေး၏။ အခြားသော မိတ်ဆွေဟောင်းများထဲတွင် အသက် ၈၄ နှစ် အရွယ်ရှိ ဦးရွက်ခေးကြီးလည်း အပါအဝင်ဖြစ်သည်။ ၁၉၉၆ ခုနှစ်က နားမိုင်ရပ်ကွက်၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သူ၊ ဘောလုံးပွဲများတွင် ကွင်းလယ်ဒိုင်လုပ်ပေးခဲ့သူ ဖြစ်သည်။ ကျန်းကျန်းမာမာတွေ့ရသဖြင့် ဟိုတုန်းကလို ကညာပျိုနှင့် ဇရာအို ဘောလုံးပွဲကန်နိုင်ပါဦးမည်လားဟု နောက်ပြောင်မေးမြန်းခဲ့ရာ သူကရယ်ရယ်မောမောဖြင့် ကန်နိုင်ပါသေးတယ် ဆိုလာ၏။ မြေလွတ်မြေရိုင်းတွေကို အတူထွန်ယက်၍ လယ်စိုက်ခဲ့ဖူးသော နားမိုက်လေရပ်ကွက်မှ ဦးစိုင်းဆန်အွမ်ကိုလည်း တွေ့ခဲ့ရသည်။ ဟိုမိန်းမြို့ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့မှ ဒေါ်နှောင်းနှင့် နန်းအေးလူတို့နှင့်လည်း ဆုံခဲ့ရ၏။ ဟိုမိန်းမှ ပြန်လည်မထွက်ခွာမီ ကျွန်တော်အလွန်စိတ်ဝင်စားသော ကိစ္စရပ်တစ်ခုအား တာဝန်ရှိသူများကို ပြောပြခဲ့မိသည်။ ၎င်းမှာ ဟိုမိန်းမြို့အထက်တန်းကျောင်းအနေဖြင့် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေး၊ ထူးထူးချွန်ချွန်အောင်မြင်ကြရေးပင်ဖြစ်သည်။ ထိုဒေသများမှ ၁၀ တန်းအောင်လျှင် မိမိတို့ဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့သို့ လျှောက်ထားတက်ရောက်နိုင်သည့် အခွင့်အလမ်းများကိုလည်း ရှင်းပြခဲ့သည်။ အချိန်များရခဲ့မည်ဆိုပါလျှင် နားမွန်းလုံနှင့် မယ်အောရွာများသို့လည်းကောင်း ၊ မုံးထော်-မုံးထ နှင့် ပန်ကုံကော်ကျေးရွာများအထိလည်းကောင်း သွားရောက်ချင်ပါသေးသည်။ သို့သော်ငြားလည်း နောက်တစ်နေ့ နံနက်ပိုင်းမှာ ဟိုမိန်းကိုနှုတ်ဆက်၍ တာဆွတ်တိန်းကူးတို့ဆိပ်မှတစ်ဆင့် လင်းခေး- နမ့်စန်-လွိုင်လင် လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ကြသည်။ အကယ်၍ ဟိုမိန်းမြို့ကလေးသို့ နောက်တစ်ခေါက် ပြန်ရောက်ခွင့် ကြုံဦးမည်ဆိုပါလျှင် ......။ ။

---

*စာမျက်နှာ ၁၉ မှ*

ကလေးများအတွက် အန္တရာယ်ရှိသောအလုပ်များကို ဆုံးဖြတ်သတ်မှတ်ရာတွင် ကလေးများ၏ ရုပ်နှင့် စိတ်ပိုင်းဆိုင်ရာ အကာအကွယ်ကင်းမဲ့စေသည့် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးဖြစ်စေသည့် အလုပ်အကိုင်၊ မြေအောက်၊ ရေအောက်နှင့် အန္တရာယ်ရှိသည့် မြင့်မားသောနေရာများ၊ ပိတ်လှောင်နေသည့် နေရာများကို စေခိုင်းခြင်း၊ အန္တရာယ်ရှိသည့် စက်ယန္တရား၊ ကိရိယာတန်ဆာများသို့မဟုတ် လူအားဖြင့် လေးလံသည့် ဝန်စည်များ တင်ဆောင်ခိုင်းခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် လုပ်ငန်းခွင်များ၊ ဥပမာ မြင့်မားသော အပူချိန်နှင့် ဆူညံသံများ သို့မဟုတ် ဘေးသင့်နိုင်သည့် လုပ်ငန်းအဆင့်ဆင့်၊ အချိန်ကြာမြင့်စွာ အလုပ်လုပ်ကိုင်ရခြင်း သို့မဟုတ် ညဥ့်ကာလများတွင် လုပ်ကိုင်ရခြင်းတို့မှာ ကလေးလုပ်သားများအတွက် မဖြစ်သင့်သည့် အလုပ်အကိုင်များဖြစ်သောကြောင့် ခွင့်ပြုရန် မသင့်ကြောင်းသိရပြီး ယင်းသို့စေခိုင်းနေသည်ကို မြင်တွေ့ရပါကလည်း သက်ဆိုင်ရာသို့ တိုင်ကြားသင့်ပါသည်။

### ကလေးလုပ်သားတွေရဲ့ပျမ်းမျှအလုပ်ချိန်

ကလေးလုပ်သားစစ်တမ်းများအရ ကလေးလုပ်သားတစ်ဦး၏ ပျမ်းမျှအလုပ်ချိန်မှာ တစ်ပတ်လျှင် ၅၄ ဒသမ ၂၂ နာရီဖြစ်ပြီး တစ်ရက်လျှင် ၉ နာရီနှင့် အထက်လုပ်ကိုင်နေကြရသည်ကို တွေ့ရှိရသည်။ ထို့အပြင် အန္တရာယ်ရှိသော အလုပ်တွင် လုပ်ကိုင်နေသော ကလေးစုစုပေါင်းသည် ၆၁၆၈၁၅ ဦးရှိနေပြီး ၎င်းတို့မှာ တစ်ပတ်လျှင် ပျမ်းမျှအလုပ်ချိန် ၅၁ ဒသမ ၉နာရီလုပ်ကိုင်နေကြရကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ၁၁သန်းရှိသည့်အနက် ၂၈ ရာခိုင်နှုန်းမှာ မြို့ပြနှင့် ၇၂ ရာခိုင်နှုန်းမှာ ကျေးလက်တွင် နေထိုင်ကြပြီး အိမ်ထောင်စုအားလုံး၏ ၆၀ ရာခိုင်နှုန်းသည် ကလေးရှိကြပြီး ယင်းတို့အနက် ခြောက်ပုံတစ်ပုံတွင် အနည်းဆုံး အလုပ်လုပ်နေသည့် ကလေးလုပ်သားတစ်ဦးရှိသည်ဟု သိရှိရသည်။

မြန်မာနိုင်ငံတွင် အသက် ၅နှစ်မှ ၁၇ နှစ်အထိ အလုပ်လုပ်ကိုင်လျက်ရှိသော ကလေးများ၏ ပျံ့နှံ့မှု အနေအထားကို လေ့လာကြည့်ရာ အလုပ်လုပ်ကိုင်နေသည့် ကလေးအရေအတွက်မှာ ၁၂၇၈၉၀၉ ဦးရှိနေပြီး၊ ကလေးလုပ်သားအဖြစ် လုပ်ကိုင်သူ ၁၁၂၅၆၆၁ ဦးနှင့် ကလေးလုပ်သားမဟုတ်ဘဲ အလုပ်လုပ်ကိုင်နေသူမှာ ၁၅၃၃၄၈ ဦးရှိကြောင်း၊ ကလေးလုပ်သားများအနက် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်သူ ၆၁၆၈၁၅ ဦးနှင့် အခြားသော ကလေးလုပ်သား ၅၀၈၈၄၆ ဦးတို့ရှိကြောင်း ကလေးလုပ်သားစစ်တမ်းက ဖော်ပြထားရာ ကလေးသူငယ်များ အချိန်မတိုင်မီ စာသင်ကျောင်းနှင့် ဝေးကွာမှု မရှိစေရေး၊ အန္တရာယ်ရှိသည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရခြင်းနှင့် အခြားသော အလုပ်အကိုင်ဆိုင်ရာ စိန်ခေါ်မှုများမှ ကင်းဝေးရေး၊ ကျောင်းပြင်ပ ကလေးများအတွက် ဝါသနာအရင်းခံကာ ဒေသနှင့် ကိုက်ညီမည့် သက်မွေးပညာများ သင်ကြားပေးနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ သက်မွေးပညာများအတွက် အရည်အသွေးကိုက်ညီမှုများရရှိသည့် (Skills Labour) အဖြစ် မွေးထုတ်ပေးနိုင်ရေးအထိ ဝိုင်းဝန်းစဉ်းစားအဖြေရှာကြရန် လိုအပ်လျက်ရှိသည်။

ထို့အပြင် အလုပ်ရှင်များနှင့် မိဘအုပ်ထိန်းသူများအနေဖြင့်လည်း မိမိတို့ သားသမီးများနှင့် ကလေးလုပ်သားများအပေါ် ပိုမိုနားလည် သဘောပေါက်ကာ ကလေးသူငယ်အခွင့်အရေးများ အပြည့်အဝ ရရှိစေနိုင်ရေး ကူညီပေးရန် လိုအပ်နေပြီး အစိုးရနှင့်အတူ ကလေးအလုပ်သမားများ ပပျောက်ရေးအတွက် ဝိုင်းဝန်းအဖြေရှာသင့်ပါကြောင်းတင်ပြလိုက်ရပါသည်။ ။

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MANDALAY REGION GOVERNMENT
MANDALAY CITY DEVELOPMENT COMMITTEE
MANDALAY URBAN SERVICES IMPROVEMENT PROJECT(MUSIP-1)

ADB

## Invitation for Bids

Loan/Grant No. &Title: Loan 3316-MYA, Mandalay Urban Services Improvement Project

Contract No. and Title: MYWW1.2/01, Thingazar Solid Waste Reception Facility (SWRF)

Deadline for Submission of Bids**12/01/2018, Friday, 14;00 hrs**

1. The **Republic of the Union of Myanmar** has received financing from the Asian Development Bank (ADB) toward the cost of **Mandalay Urban Services Improvement Project** (MUSIP). Part of this financing will be used for payments under the Contract named above. Bidding is opened to Bidders from eligible source countries of ADB.

2. The **Mandalay City Development Committee** (MCDC) ("the Employer") invites sealed bids from eligible Bidders for the **construction and completion of Solid Waste Reception Facilities located near Thingazar Creek**("the Works") which includes the following:

   - Dredging of the pond, dewatering and removal of sedimentation,backfilling of the pond area of approximately 1,200 $m^2$.
   - Construction of SWR Facilities made of concrete foundation, retaining wall, slab and ramp and structural steel for column and roofing with an approximate area of 914 $m^2$;
   - Installation of Container social facilities including sanitation and connection to the utilities (water, electricity, telephone, etc.…)
   - Installation of Fence and gates,landscaping work, site illumination and other miscellaneous works.

3. **National Competitive Bidding (NCB)** will be conducted in accordance with ADB's Single-Stage: One-Envelope procedure and is open to all Bidders from eligible countries as described in the Bidding Document.

4. Only eligible Bidders with the following key qualifications should participate in this bidding:

   Financial Situation
   - Historical Financial Performance: three (3) years audited annual financial statements
   - Minimum average annual construction turnover of 800,000 USD.
   - Availability of Financial Resources- Cash Flow Capacity: The Bidder must demonstrate that its financial resources less it's financial obligation for its current contract commitments meet or exceed the total requirement for the subject contract of 210,000 USD.

   Construction Experience
   - Contracts of Similar Size and Nature: Participation in at least one (1) contract that has been successfully or substantially completed within the last five (5) years
   - Construction Experiences in key Activities:a minimum of one (1) design and construction contract of similar size and nature successfully completed within the last five (5) years.

   The qualification criteria are more completely described in the Bidding Document.

5. To obtain further information and inspect the Bidding Documents, Bidders should contact:

   **DAW KHIN MAY HTAY, Project Director, MUSIP**
   Project Management office, MCDC
   26th Street, between 71st and 72nd Street
   1st Floor, MUSIP-PMO
   Chan Aye Thar Zan Township
   Mandalay, Republic of the Union of Myanmar
   Tel: +95-2-61631; Fax: +95-2-36170
   Email: pmomusip@gmail.com

6. To purchase the Bidding Documents in English, eligible Bidders should:

   - write to the address above requesting the Bidding Documents for contract named above
   - pay a non-refundable fee of USD 50 (fifty) or equivalent in MMK in cash

   The documents will be sent by e-mail or may be picked up at the said address (para 5). No liability will be accepted for loss or late delivery by e-mail.

7. A pre-bid meeting will be organized on 5 December 2017(Tuesday) at 10:00 hours in MCDC compound. The venue is at the meeting hall, 5th floor of (6) storey building.

